# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-9-2014) (၇၉၇၃)


**အခြေခံကျသည့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍပေါ်တွင် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်အလို့ငှာ ၎င်းတို့စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် ထိုက်တန်ခိုင်မာသော ဈေးနှုန်းများရရှိရေးအချက်ကိုလည်း အာဆီယံနိုင်ငံများအကြား နည်းလမ်းများရှာဖွေပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်။**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာပိုမိုထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

**(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC- I)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄-၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၆ ဒသမ ၆၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၆ ဒသမ ၉၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂၃ ဒသမ ၆၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၀ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၃၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၂ ဒသမ ၉၂ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဩဂုတ်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၉၂ ဒသမ ၅၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၁၅ ဒသမ ၈၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱**


WIN Auto Parts
ကားအပိုပစ္စည်းမျိုးစုံကို နိုင်ငံတဝန်းလုံးသို့ လက်လီလက်ကား ရောင်းချပေးလျက်ရှိပါသည်။
ကားအပိုပစ္စည်းဝယ်ဖို့ရာ WIN Auto Parts ကိုသတိရပါ
www.winautoparts.com info@winautoparts.com ဖုန်း - ၀၁ ၆၈၂၇၂၆၊ ၀၉ ၅၀၄၂၂၃၇၊ ၀၉ ၅၁၃၇၈၄၀၉
ဘီ-၄၀၊ အခန်း(၁)၊ ဘုရင့်နောင်ဈေးပတ်လမ်း၊ ဘုရင့်နောင်ဈေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဘီ-၄၀၊ အခန်း(၇)၊ ဘုရင့်နောင်ဈေးပတ်လမ်း၊ ဘုရင့်နောင်ဈေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ အမှတ် ၃၅၄(ဘီ)၊ ၈၁ လမ်း၊ ၂၇x၂၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကြေးမုံ စာ တည်း ရှု ထောင့် ၂၄-၉-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

## ပျိုးခင်း

နိုင်ငံ့ရိက္ခာဖြည့်တင်းနိုင်ရေးတွင် အောင်သီးနှံများ ပြည့်မီစွာရရှိနိုင်ရေးအတွက် ဦးစွာပထမပျိုးခင်းများကို ဂရုတစိုက်နှင့် စနစ်တကျ ပိုးမွေးသလို တယုတယရှိကြရမြဲဖြစ်သည်။ ပျိုးခင်းမှာ ပိုးလောက်လမ်းများ မကျရောက်နိုင်အောင် တစ်ဖက်မှာလည်း ရေဖြည့်၊ ရေထုတ် စနစ်တကျနှင့် ပေါင်းသင် ပေါင်းမြက်နုတ်ခြင်း စသဖြင့် အချိန်နှင့် တစ်ပြေးညီရှိနေကြရသည်။ ပျိုးပင်သန်စွမ်းမှ မျိုးကောင်းမျိုးသန့်များ ဖြစ်ထွန်းလာပြီး နိုင်ငံ့ရိက္ခာကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါလော။

ထိုနည်းတူစွာပင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကာလကိုပိုင်စိုး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်လာကြမည့် သားကောင်းရတနာများသည် လက်ရှိတွင် မိဘ၊ ဆရာသမားများ၏ စနစ်တကျ ပြုစုပျိုးထောင်မှုအောက်တွင် အပြည့်အဝရှိနေဖို့လိုအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်မှ လွင့်ပါးဘေးထွက်သွားပြီဆိုသည်နှင့် အကြင်ကလေး၏အနာဂတ် မလှပနိုင်တော့ပါပြီ။ နောင်တစ်ချိန် နိုင်ငံ့အတွက်အကျိုးထက် ဆိုးကျိုးသက်ရောက်မှုသာ ဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့်လည်း ပျိုးခင်းကို စီမံကြီးကြပ်သူ လယ်သမားများ ပျိုးပင်မှာ ရှင်သန်သန်စွမ်းရေး ကြိုးပမ်းဆောင်ရွက်ကြရသလို မျိုးဆက်သစ်ကလေးများကို ပြုစုပျိုးထောင်မှုပြုနေကြရသူ မိဘနှင့် ဆရာများအဘက်ဘက်မှ တာဝန်ရှိသူများဘက်မှလည်း နိုင်ရာတာဝန်ကိုယ်စီယူတာဝန်ကျေပွန်ကြရမြဲ ဖြစ်ပါသည်။ ဤသည်ပင် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံ့သမိုင်းကို ရှင်သန်စေမည့် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

မျိုးဆက်သစ်လေးများတွင် အထူးသဖြင့် ငါးနှစ်အောက်ကလေးများ၏ ကျန်းမာရေးသည် ကမ္ဘာက အလေးထားဆောင်ရွက်နေရသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည်။ အသက်အပိုင်းအခြားနှင့် နုနုနယ်နယ်လူမမယ်အရွယ်လေးများဖြစ်ကြသည်။ အသိဉာဏ်ပွင့်လင်း ဦးနှောက်ဖွံ့ဖြိုးခါစ အရေးကြီးဆုံးကာလဖြစ်သည်။ ဤအရွယ်မှစ၍ ကျန်းမာရေး၊ ပညာရေးများကို စနစ်တကျဖွံ့ဖြိုးစေပါမှ အနာဂတ်နိုင်ငံတော်အတွက် စိတ်ချရပါမည်။

ထို့ကြောင့်လည်း ကျန်းမာရေးကဏ္ဍတွင် ဤအရွယ်လေးများ သေဆုံးမှုလျော့နည်းကျဆင်းစေရေး အလေးထားလျက်ရှိနေကြသည်။ တဖြည်းဖြည်းနှင့် အောင်မြင်မှုရလာနေပြီဆိုရပါမည်။ ကမ္ဘာတစ်ဝန်းရှိ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ်မှစ၍ ထက်ဝက်နီးပါးကျဆင်းလာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ကလေးသေနှုန်းသည် ၂၀၁၂ ခုနှစ်ကထက် နှစ်သိန်းဝန်းကျင် လျော့နည်းသွားကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ ထုတ်ပြန်ထားကြောင်း သိရသည်။

အသက် ငါးနှစ်အောက်ကလေးများ သေဆုံးရမှု အဓိကလက်သည်များမှာ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် မွေးရာပါရောဂါ (Birth Complication) တို့ဖြစ်ပြီး အာဟာရမပြည့်ဝခြင်းသည်လည်း ကလေးသေဆုံးမှု ထက်ဝက်ကျော်၏ အကြောင်းရင်းဖြစ်သည်ဟု ဆိုထားသည်။ ကမ္ဘာတွင် ကလေးသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံမှာ အင်ဂိုလာနိုင်ငံဖြစ်ပြီး ကလေးသေဆုံးမှုနှုန်းအနိမ့်ဆုံးနိုင်ငံမှာ လူဇင်ဘတ်နိုင်ငံဖြစ်ကြောင်း သိရသည်။

ကလေးသေဆုံးမှုများကို လျှော့ချနိုင်သည့် အဓိကအကြောင်းရင်းတစ်ချက်မှာ ဆေးစစ်ခြင်းနှင့် သေဆုံးစေနိုင်သော ရောဂါများအား ကုသခြင်းတို့တွင် နည်းပညာဆိုင်ရာ တိုးတက်မှုများ ရှိလာခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် အလေးထားလျက် ဆောင်ရွက်လာနေမှုကြောင့် ၂၀၁၃ ခုနှစ်တွင် ကလေးသေဆုံးမှုနှုန်း လျော့နည်းကျဆင်းလာခဲ့ရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင်လည်း အသက် တစ်နှစ်အောက်ကလေးများကို တီဘီ၊ ဦးနှောက်အမြေးရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ဝက်သက်ရောဂါ၊ အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးကာ ကြိုတင်ကာကွယ်ပေးလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ အကြံပြုချက်အရ ဂျိုက်သိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံပေးရန် ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ဂျိုက်သိုးရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ ကူးစက်ခံရပါက ကိုယ်ဝန်ဆောင်အမျိုးသမီးများဆိုလျှင် ကိုယ်ဝန်ပျက်ကျခြင်း၊ မွေးဖွားလာပါက မွေးရာပါနှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါ၊ နားမကြားရောဂါ စသဖြင့် လူစဉ်မမီသော ကလေးများဖြစ်လာနိုင်ကြောင်း သိရသည်။ လက်ရှိတွင် မိမိတို့နိုင်ငံ နယ်စွန်နယ်ဖျားမကျန် တစ်နိုင်ငံလုံးရှိ အသက် ၉ လမှ ၁၅ နှစ်အရွယ် ကလေးလူငယ်ပေါင်း ၁၇ ဒသမ ၂ သန်း အား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဟု သိရသည်။

ပျိုးခင်းမှာ ပျိုးမအောင် ပျက်စီးပါကတစ်နှစ်စာ ဝမ်းစာအတွက် အခက်ကြုံရုံသာ သက်ရောက်မှုရှိနိုင်ပြီး မျိုးဆက်သစ်ပျိုးထောင်မှုတွင် အားနည်းချက်ရှိမည်ဆိုပါက မျိုးရိုးစဉ်ဆက် ဆိုးကျိုးများဖြစ်ပေါ်နိုင်ပါကြောင်း။ ။

## အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရတို့အကြား ၂၀၁၄ ခုနှစ်အတွက် အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယား KOICA President H.E.Mr. KIM Young Mok ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ၂၀၁၄ ခုနှစ်အတွက် အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာကိုရီးယားနိုင်ငံသံအမတ်ကြီး H.E.LEE Baek-soon တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ မူဘောင်အစီအစဉ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အထောက်အကူရရှိနိုင်မည်ဖြစ်သည်။

ယခု လက်မှတ်ရေးထိုးခဲ့သည့် အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ်အရ မြန်မာနိုင်ငံတွင် စံပြကျေးရွာများ တည်ထောင်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာသုတေသနဌာန တည်ထောင်ရေး၊ ကုန်းတွင်းငါးမွေးမြူရေးစနစ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စွမ်းဆောင်မှုတိုးတက်ရေးနှင့် တည်ထောင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေး၊ ကျေးလက်ဒေသများတွင် စာသင်ကျောင်းများ တည်ထောင်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ထောင်ရေး စီမံချက်များအတွက် စုစုပေါင်းအကူအညီပမာဏ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈၆ သန်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၄၅၀၀ | - | ၆၅၅၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၄၃၀၀ | - | ၆၅၅၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၈. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၀. ၉၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၃၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၈. ၃၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၅၆၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၆. ၆၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈. ၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**



ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ ပြည်ပဆက်သွယ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr.Thongsavanh PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Nilahath SAYARATH လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ရွှေမြန်မာလေကြောင်းလိုင်း ရန်ကုန်-ချင်းမိုင်-ရန်ကုန် ပျံသန်းခြင်းမိတ်ဆက်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရွှေမြန်မာလေကြောင်းလိုင်း၏ ခရီးစဉ်သစ်အနေဖြင့် ရန်ကုန်-ချင်းမိုင်-ရန်ကုန်ပျံသန်းခြင်း မိတ်ဆက်ပွဲကို စက်တင်ဘာ ၂၀ ရက်က ချင်းမိုင်မြို့ရှိ THE IMPERIAL MAE PING HOTEL ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေမြန်မာလေကြောင်းလိုင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ် ပြေးဆွဲခြင်းအားဖြင့် ခရီးသွားလုပ်ငန်းပိုမိုလွယ်ကူအဆင်ပြေချောမွေ့သွားမည်ဖြစ်ပြီး ကုန်ကျစရိတ် သက်သက်သာသာနှင့် အချိန်ကုန်သက်သာမှုရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ချင်းမိုင်မြို့တော်ဝန် Mr.SURIYA PRASATBUNTITYA က ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-ချင်းမိုင်-ရန်ကုန်သို့ ပျံသန်းပြေးဆွဲသည့်အတွက် ခရီးသွားလုပ်ငန်းတွင် အထောက်အကူဖြစ်ပြီး များစွာအကျိုးရှိမည်ဖြစ်၍ လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

အခမ်းအနားကို ချင်းမိုင်မြို့တော်ဝန် Mr. SURIYA PRASAT-BUNTIYA၊ ချင်းမိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. CHALERMCHART NAKARUNGKUL၊ ချင်းမိုင် (Tourism Authority Of Thailand)၏ ဒါရိုက်တာ Mr. WISOOT BUACHOOM၊ ချင်းမိုင်အာဏာပိုင်အဖွဲ့အစည်းများမှ အရာရှိကြီးများ၊ ချင်းမိုင်သတင်းမီဒီယာအဖွဲ့ဝင်များ၊ ချင်းမိုင်ရှိ ခရီးသွားအေးဂျင့်များ၊ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ တက်ရောက်ချီးမြှင့်ကြပြီး ညစာဖြင့်တည်ခင်းဧည့်ခံကာ ချင်းမိုင်ယဉ်ကျေးမှုအဖွဲ့က ထိုင်းအကများနှင့်အတူ ရွှေမြန်မာလေကြောင်းလိုင်း၏ လေယာဉ်မယ်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။**(အောက်ပုံ)**

ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ်အား ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်မှစတင်ကာ တစ်ပတ်လျှင် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ယခုခရီးစဉ်တစ်ကြောင်းအတွက် US$ 59 ခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်ဌေးအောင်)**




# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်၊ နတ်တော်လပြည့်နေ့၊ နတ်တော်လပြည့်ကျော် ၁ ရက် (ဒီဇင်ဘာ ၅၊၆၊၇ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ (ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက်ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိမြို့နယ် အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

အမေရိကန်ဒေါ်လာ ၄၇၀၈ ဒသမ ၄၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၄၈ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၆ ဒသမ ၁၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၀၄ ဒသမ ၆၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇၉၆ ဒသမ ၂၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ ဆက်လက်အားနည်းနေမည်။


သမ္မတ၊ သွင်၊ Top Royal
ဝင်းလိုက်(မန္တလေး)
၁၉ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြို



ရွှေဆောင်(၁)၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
မြို့မ(မန္တလေး)
၂၆ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြို




နေပြည်တော်(၂) ၊ မင်္ဂလာ(၂)ဓနုဖြူ
မင်္ဂလာစံပြ၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၂၆ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြို




နေပြည်တော်(၁)၊ မင်္ဂလာစံပြ
၁၉ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြို




နေပြည်တော်(၃)၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၉ . ၉ . ၂၀၁၄ ရက်မှ စတင်ပြမြို




ရွှေဆောင်(၂)၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဓနုဖြူ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | ပွဲချိန်သတိပြု |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၈၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၄၁ | ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၁၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၈၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ | Mingalar Cinemas facebook |




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် နေပြည်တော်မှ ထွက်ခွာလာရာ ဂျပန်နိုင်ငံ တိုကျိုမြို့ Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ General Affairs Department ၏ Director ဖြစ်သူ Major General Junichi ARAKI နှင့် ဇနီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီးထင်ကျော်သူနှင့် ဇနီးတို့က Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဓာတ်ပုံ)** **(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွီဒင်နိုင်ငံအခြေစိုက် ISDP မှ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော်　　စက်တင်ဘာ　　၂၃**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဆွီဒင်နိုင်ငံအခြေစိုက် Institude for Security and Development Policy (ISDP) မှ ညွှန်ကြားရေးမှူးဖြစ်သူ Dr.Niklas Swanstrom အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဆွီဒင်နိုင်ငံအခြေစိုက် ISDP မှ ညွှန်ကြားရေးမှူးဖြစ်သူ Dr.Niklas Swanstrom နှင့်အတူ တာဝန်ရှိသူများ တက်ရာက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Dr.Niklas Swanstrom တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



❖ **အာရှအားကစားပြိုင်ပွဲမှ**

ရိုင်ဖယ်ပစ်ပွဲစဉ်တွင် မြန်မာနိုင်ငံမှ သူသူကျော်နှင့် အေးအေးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ မြားပစ်ပြိုင်ပွဲကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နေမျိုးအောင်နှင့် မွန်းလွဲ ၂ နာရီတွင် ဇာခြည်ဝင်းတို့မှ ရီကတ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲအဖြစ် အမျိုးသမီး(၃)ယောက်တွဲ (Regue) အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ကိုရီးယားအသင်းတို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အလေးမပြိုင်ပွဲအား မြန်မာအသင်းမှ ၈၅ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ဝင်းနိုင်ထွန်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(အား/ကာ)**

# ကိုရီးယားသမ္မတနိုင်ငံ (ETRI)မှ စက်ပစ္စည်းများ လှူဒါန်း

**နေပြည်တော်　　စက်တင်ဘာ　　၂၃**

ကိုရီးယားသမ္မတနိုင်ငံ Electronics and Telecommunications Research Institute (ETRI) မှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ စက်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၂၂ ရက်တွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Kotra, Director Mr.Lee Kum Ha က Cooperate Social Responsibilities (CSR) Activities ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ပစ္စည်းလှူဒါန်းမှုနှင့် စပ်လျဉ်းသည့် Donation Board အား ETRI မှ သတင်းအချက်အလက်လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးသောင်းတင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Baek Soon၊ ETRI မှ Vice President Mr.Han Gang Hee၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Kotra, Director Mr.Lee Kum Ha နှင့် National Information Society Agency (NIA) ကိုရီးယားနိုင်ငံမှ Speaker များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် Workshop on ICT Development (Topic about Cyber Security and e-Government) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကိုရီးယားနိုင်ငံ၏ Cyber Security ဆိုင်ရာ ဆောင်ရွက်ချက်များ၊ e-Government အတွက် ဆောင်ရွက်ခဲ့မှုများနှင့် ရလဒ်များ၊ အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျပန်ပညာရေးပြပွဲ ၂၀၁၄ ကျင်းပမည်

**ရန်ကုန်　　စက်တင်ဘာ　　၂၃**

မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ဂျပန်ပညာရေးဝန်ဆောင်မှုအဖွဲ့နှင့် ဂျပန်ကျောင်းသားဟောင်း မြန်မာအသင်းတို့ ပူးပေါင်းကာ ဂျပန်ပညာရေးပြပွဲ ၂၀၁၄ ကို စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပညာရေးပြပွဲတွင် ဂျပန်နိုင်ငံ၏ အမျိုးသားတက္ကသိုလ် ငါးခု၊ ပုဂ္ဂလိက တက္ကသိုလ် ခုနစ်ခု၊ ဂျပန်ဘာသာသင်တန်းကျောင်း ငါးခုနှင့် အခြားအသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတို့ ပါဝင်ပြသသွားမည်ဖြစ်ကာ ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ ပညာရေးစနစ်၊ ပညာရေးအစီအစဉ်များနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ တက္ကသိုလ်အလိုက် အကြံပေးဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ဂျပန်ပညာသင်ဆုဆိုင်ရာ ဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(မိုးသူ)**

❋ **သဲသောင်ပြင်ဘောလုံးမှ**

ဆီမီးဖိုင်နယ်ပွဲစဉ်များအပြီးတွင် UPT အသင်းနှင့် Joker အသင်းတို့ ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ UPT အသင်းမှာ မလိခအသင်းကို ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

လင်းစဒေါင်းအသင်းနှင့် Joker အသင်းတို့၏ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး လင်းစဒေါင်းအသင်းမှာ ဦးဆောင်ဂိုးများကို မထိန်းနိုင်၍ ပွဲအပြီးတွင် Joker အသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ooo

# အနောက်ပိုင်းခရိုင် အခြေခံပညာကျောင်းများအတွက် ဘောလုံးများလှူဒါန်း

**ရန်ကုန်　　စက်တင်ဘာ　　၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အထက(၁) လမ်းမတော်၌ ကျင်းပသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တက်ရောက်ခဲ့ပြီး အနောက်ပိုင်းခရိုင်မှ အခြေခံပညာကျောင်းများအတွက် ဘောလုံးအလုံး ၁၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဘောလုံးသမားများထွက်ပေါ်လာစေရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။

**(ဖိုးသော်ဇင်)**

Pleasant Times Travels & Tours Co.,Ltd
ပြည် - အကောက်တောင် နေ့ချင်းပြန် ခရီးစဉ် (Sep: 27)
တောင်ကြီး - ဖောင်တော်ဦး ပွဲတော်၊ မီးပုံးပျံ ပွဲတော် ခရီးစဉ် (Oct: 7, Nov: 5)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ ခရီးစဉ် (Oct: 7, Nov: 5)
မန္တလေး-ပြင်ဦးလွင်- မီးပုံးပျံ ပွဲတော် ခရီးစဉ် (Nov: 5)
ငွေဆောင် ခရီးစဉ် (Nov: 7)
ချောင်းသာ ခရီးစဉ် (Nov: 7)
Release Your stress with Pleasant Times
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

**လွှတ်တော်ရေးရာ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြေအရင်းအမြစ်စနစ်တကျအသုံးပြုရေး ဥပဒေများရေးဆွဲပြဋ္ဌာန်းရန် လိုအပ်

နေပြည်တော် စက်တင်ဘာ ၂၃

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးက ဆွေးနွေးခဲ့ကြသည်။**

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက ဒေသခံများ အလိုမရှိသော မြေအသုံးချမှုများကြောင့် မြေပြဿနာများ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါကြောင်း၊ အောက်ခြေရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်မြေစာရင်း ဦးစီးမှူးရုံးတို့၏ မြေယာမှတ်တမ်းများ ထိန်းသိမ်းမှုအားနည်းနေပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် Fundamental Land Law (F.L.L) မပြဋ္ဌာန်းနိုင်သေးပါက မြေယာပြဿနာများ ဆက်လက်ပေါ်ပေါက်နေမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က မြေအရင်းအမြစ် စနစ်တကျအသုံးပြုရေး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက မြေယာသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများသည် ဘဝရပ်တည်ရေးအတွက် ရွှေ့ပြောင်းအလုပ်လုပ်ကြရပါကြောင်း၊ မြေယာသိမ်းဆည်းမှုများကို ယခု အစိုးရ၊ လွှတ်တော်လက်ထက်တွင် အပြီးပြတ် မဖြေရှင်းနိုင်ပါက နောင်လာမည့် အစိုးရတွင် ပိုမိုခက်ခဲမည် ဖြစ်ပါကြောင်း၊ အောက်ခြေ မြေယာပြဿနာဖြေရှင်းရာ၌ ယခင်မြေယာသိမ်းမှုတွင် ပါဝင်ပတ်သက်နေသူများအား တာဝန်ပေးဖြေရှင်းစေသည့်အတွက် ပြည်သူများ နစ်နာနေပါကြောင်းဖြင့် ဆွေးနွေးသည်။

ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်က သိမ်းဆည်းခံမြေများ လျော်ကြေးငွေ ရရှိရေးနှင့် သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူကို ဗဟိုပြု၍ တရားနည်းလမ်းကျကျဖြင့် အလေးအနက်ထားပြီး မြန်မြန်နှင့် မှန်မှန်ကန်ကန် ဖြေရှင်း ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်းက စီမံကိန်းအကောင်အထည် မဖော်နိုင်သည့် လယ်ယာမြေများကို ပြန်လည်ပေးအပ်ရန် တိုက်တွန်းလိုပါကြောင်း၊ စီမံကိန်းအကောင်အထည် မဖော်နိုင်သည့် သိမ်းထားသောမြေများကို တောင်သူများထံ ပြန်လည်ပေးအပ်ခြင်း(သို့) အိမ်ဝိုင်း အစားပေးခြင်း၊ ဒေသပေါက်ဈေးပေးခြင်းများ မရှိသည့်အတွက် တောင်သူများ ဒုက္ခရောက်လျက်ရှိပါကြောင်း၊ တောင်သူများ စိုက်ပျိုးခွင့်မရရှိလျှင် အကျိုးမရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးမရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က လယ်ယာမြေ စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲများက စုံစမ်းစစ်ဆေးပြီး အမှုတွဲများကို တိုင်းဒေသကြီးအစိုးရသို့ ပေးပို့ထားသော်လည်း တိုင်းဒေသကြီးအစိုးရက မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်လွှဲပြောင်းမှု မရှိခြင်း၊ တပ်ဝန်းနှင့် တစ်ဆက်တစ်စပ်တည်းမဟုတ်ဘဲ ပြန်မပေးနိုင်ခြင်း စသည့်အချက်များကို အလေးထား ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းက စွန့်လွှတ်ရန်ခက်ခဲသည့် မြေယာများအား အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း သင့်တော်သည့် လျော်ကြေးပေးရမည်ဖြစ်ပါကြောင်း၊ တပ်သက်သာချောင်ချိရေးအတွက် သိမ်းဆည်းထားသောမြေများနှင့် ပတ်သက်၍ သိမ်းဆည်းစဉ်က လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေများ ပါဝင်ပါက ပြန်လည်စွန့်လွှတ်ရမည်ဖြစ်ပါကြောင်း၊ တိကျသည့် မြေယာမူဝါဒများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ နစ်နာနေသည့် တောင်သူလယ်သမားများကိုလည်း အစိုးရက ပြန်လည်စဉ်းစားပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။ (သတင်းစဉ်)




## နည်းပညာအကူအညီပေးရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Commercial Attache ဖြစ်သူ Mr. Ahn Jaeyong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်များဖြစ်သော ငွေကြေးထောက်ပံ့ကူညီမှုများပေးနိုင်ရေး၊ နည်းပညာအကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် "Second Annual Asian SME Conference"သို့ တက်ရောက်ပါရန် ဖိတ်ကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှနဂါး
ကျိုက်ထီးရိုး/ ချောင်းသာ/ ငွေဆောင် နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

ကံကောင်း
အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599



# ဘာလင်တံတိုင်းကပြောသော အမျိုးသားညီညွတ်ရေး

သမိန်ဖြတ်ဇ

ကားပေါ်မှဆင်း၍ ဘူတာဝင်းအတွင်း ခြေချလိုက်သည်နှင့် အေးစိမ့်စိမ့် လေညင်းများက ဆီးကြိုတိုက်ခတ်လာခဲ့သည်။ ဘူတာရုံကိုမြင်လိုက်ရသည်နှင့် မြင့်မားသော အမိုး၊ ထုထည်ကြီးမားသော တိုင်လုံးကြီးများနှင့် ကြီးကျယ်ခမ်းနားသော အသွင်သဏ္ဍာန်ကို ခံစားရမိစေသည်။ ဤနေရာကား ဖရန့်ဖတ်ဘူတာရုံပင်ဖြစ်သည်။ လူအများထူထပ်စွာ သွားလာနေသော်လည်း သန့်ရှင်းမှုနှင့်စည်းကမ်းတကျရှိမှုကို သတိပြုမိစေသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ဘူတာရုံများနှင့်ခြားနားလှသော မြင်ကွင်းက အားကျစရာပင်။ “အရင်တုန်းက မီးရထားတွေက ကျောက်မီးသွေးလောင်စာတွေသုံးပြီး ခုတ်မောင်းခဲ့ရတာ။ ဒါကြောင့်လည်း ကျောက်မီးသွေးက ထွက်တဲ့ မီးခိုးတွေနဲ့ ပိတ်လှောင်မွန်းကျပ်တာမျိုးမဖြစ်ရအောင် အမိုးတွေ မြင့်မြင့်မိုးပြီး လေဝင်လေထွက်ကောင်းအောင် လုပ်ခဲ့တာ”ဟု ဂျာမနီသံရုံးမှ မြန်မာဝန်ထမ်းတစ်ဦးက ရှင်းပြသည်ကို ကြားလိုက်ရသည်။

ဂျာမနီသည် **“ဥရောပ၏ တရုတ်နိုင်ငံ”**ဟု တင်စားခေါ်ဝေါ်ကြသည့် စီးပွားရေးအင်အားကြီးနိုင်ငံလည်း ဖြစ်သည်။ ဂျာမန်မြေကို နင်းမိသည့်အခါ မကြာသေးခင်က ဝန်ကြီးချုပ်တယ်လီဖုန်းကို အမေရိကန်ထောက်လှမ်းရေးတို့ ခိုး၍နားထောင်ခဲ့ခြင်းနှင့်ပတ်သက်၍ အုတ်အော်သောင်းတင်းဖြစ်ခဲ့သည့်သတင်းကို ပြန်လည်အမှတ်ရမိပြန်သည်။ ဂျာမနီနိုင်ငံဟုဆိုသည်နှင့် ကမ္ဘာစစ်ကြီးများနှင့် လုံးထွေးရုန်းကန်ခဲ့ရသော သမိုင်းပုံရိပ်များကို ပြန်လည်မြင်ယောင်လာစေသည်။ ယခုသော် ဂျာမနီသည် ဥရောပ၏ ထွန်းတောက်ကြယ်အဖြစ် ခံ့ခံ့ညားညားရပ်တည်နေလေပြီ။ ဂျာမနီနိုင်ငံ ခရီးစဉ်တွင် ခံစားရသည့်ခံစားချက်မှာ ထုနှင့်ထည်နှင့် ခိုင်မာသော စိတ်ဓာတ်ဝိညာဉ်ပင်ဖြစ်သည်။ ဖရန့်ဖတ်ဘူတာရုံတွင် သမ္မတကြီးထံ တည့်တည့်လျှောက်လာသော ဂျာမန်အမျိုးသမီးကြီးတစ်ဦးအား ဂျာမန်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက တွန်းထုတ်လိုက်သဖြင့် ယင်းအမျိုးသမီးက လုံခြုံရေးအား ရန်ရှာခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ သမ္မတကြီးမှာ တည်တည်ငြိမ်ငြိမ် အေးအေးလူလူပင် သာမန်ဂျာမန်ပြည်သူများနည်းတူ အေးအေးလူလူ စိတ်အေးလက်အေးဖြစ်နေပုံရသည်။ နိုင်ငံ့အကြီးအကဲများအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်ရသူတို့အဖို့ ပြည်သူများ၏ အထင်အမြင်လွဲမှားမှုခံရတတ်သည်ကိုလည်း သတိပြုလိုက်မိသည်။

ဖရန့်ဖတ်မှ ဘာလင်သို့ အမြန်ရထားဖြင့် ထွက်ခွာခဲ့ရာ DB BAHN မှ အမှုဆောင်ဒါရိုက်တာ Mr.Simon Giovanazzi က သမ္မတကြီးအား ဂျာမနီနိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ သမ္မတကြီးမှာ အမြန်ရထားစီးနင်းရင်း သိလိုသည်များကို တက်ကြွစွာ မေးမြန်းနေသည်။ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ကို အမြန်ဆုံး မြှင့်တင်လိုသည့် သဘောထားများကို သမ္မတကြီး၏ ပြောစကားများမှ တစ်ဆင့် ကြားသိနေရသည်။ ဖရန့်ဖတ်ရထားပေါ်တွင် Hanns Seidel ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတာဝန်ခံကလည်း ဂျာမနီနိုင်ငံအကြောင်း ရှင်းပြခဲ့သည်။ သမ္မတကြီးက စိတ်ဝင်တစားနှင့် ဖက်ဒရယ်စနစ်အကြောင်း မေးမြန်းခဲ့သည်။ ဂျာမနီနိုင်ငံ၏ ပြည်နယ်များတွင် အမေရိကန်ပြည်နယ်များနည်းတူ ပြည်နယ်အခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။ (ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိချိန်တွင်လည်း သမ္မတကြီးသည် ဆွစ်ဖက်ဒရယ်စနစ်အကြောင်းကို အထူးအလေးထား၍ မေးမြန်းခဲ့သည်။) ပြည်တွင်း၌ ငြိမ်းချမ်းရေးသံလွင်ခက်ကို လက်ကမ်းပေးခဲ့သော သမ္မတကြီးသည် အမြန်ရထားပေါ်ရှိစဉ် အချိန်အတော်များများကို ဖက်ဒရယ်ဆွေးနွေးခန်းနှင့် ကုန်လွန်ခဲ့ရသည်။ ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးနေသော သမ္မတကြီး၏အသံမှာ တက်ကြွနေသည်။ မျက်မှန်အောက်မှ မျက်လုံးများမှာလည်း တလက်လက်တောက်ပနေသည်။ ရှင်းပြနေသည်များကို နားထောင်ရင်း တစ်ချက်တစ်ချက် တွေတွေငေးငေး ဖြစ်သွားရသည်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအတွက် အသင့်တော်ဆုံးဖြစ်မည့် ဖက်ဒရယ်ကို ဆက်စပ်စဉ်းစားမိခြင်းကြောင့်ဖြစ်မည်ဟု တွေးတောမိသည်။ ယခင်က “ဖက်ဒရယ်”ဆိုသည်မှာ မကြားကောင်းသည့် စကားလုံးတစ္ဆေသဖွယ် ဖြစ်ခဲ့ရသော်လည်း သမ္မတကြီးလက်ထက်တွင်မူ အမျိုးသားညီညွတ်ရေး၏ အင်္ဂါရပ်တစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။

ဘာလင်တွင် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်တို့နှင့် ယှဉ်ပြိုင်တိုက်ပွဲဝင်ခဲ့သော ဂျာမန်တပ်ဖွဲ့ဝင်များ၏ ဟိတ်ဟန်ကို ပြန်လည်ခံစားမိစေသည်။ စစ်ရှုံးဂျာမနီသည် အဘက်ဘက်ချွတ်ခြုံကျခဲ့ရာမှ နိုင်ငံနှစ်ခြမ်းကွဲခဲ့ရသည်အထိ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပေသည်။ ယခင်က နိုင်ငံတကာကျွမ်းကျင်သူများ၊ ပညာရှင်များက တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံမှာ လူမျိုးတူ၊ ဘာသာတူဖြစ်၍ ပြန်လည်ပေါင်းထုတ်ရန် မခက်ခဲ၊ ဂျာမနီနိုင်ငံ ပြန်လည်ပေါင်းစည်းရေးမှာ ခက်ခဲလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြကြောင်းလည်း သိရှိရသည်။

သို့သော် အရှေ့ဂျာမနီနှင့်အနောက်ဂျာမနီကို အခိုင်အမာပိုင်းခြားထားခဲ့သော ဘာလင်တံတိုင်းကြီးသည် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြိုကျခဲ့သည်။ ဘာလင်တံတိုင်းမှအုတ်ချပ်တို့ကို အမေရိကန်နိုင်ငံ ဝါရှင်တန်အထိ သယ်ဆောင်၍ အမှတ်တရထုလုပ်ရသည်အထိ ဖြစ်ခဲ့သည်ဟု ဆိုသည်။ ဘာလင်တံတိုင်း ပြိုကျသောနေ့ရက်မှာ နိုဝင်ဘာလ ၉ ရက်နေ့ဖြစ်၍ “အလဲဗင်း-နိုင်း”ဟုခေါ်တွင်ကြသည်ဟုလည်း သိရှိရသည်။ အမေရိကန်ကုန်သွယ်ရေးမျှော်စင်ညီနောင်ကို အကြမ်းဖက်သမားများ တိုက်ခိုက်ခဲ့သော “နိုင်း-အလဲဗင်း”နှင့် ပြောင်းပြန်သင်္ကေတဂဏန်းဟုလည်း ဆိုကြသည်။ “အလဲဗင်း-နိုင်း”မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၏ အထိမ်းအမှတ်ဖြစ်ခဲ့ရသလို လက်ဝဲနိုင်ငံရေးအတွေးအခေါ်များ ကျရှုံးမှု၏နိဒါန်းဟုလည်း ဆိုကြသည်။ နိုင်ငံရေးသဘောတရားကွဲလွဲနေမှုများ နိဂုံးချုပ်ပြီဟူသော အယူအဆဖြင့် “သမိုင်းနိဂုံး”ဟုလည်း အမည်ပေးခဲ့ကြသည်။

အမှန်စင်စစ်တော့ ဘာလင်တံတိုင်းပြိုကျခဲ့ခြင်းသည် ဂျာမနီ၏ သမိုင်းသစ်နိဒါန်းပင်ဖြစ်ပါလိမ့်မည်။ စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်ခဲ့ရသော

> **ယခင်က “ဖက်ဒရယ်” ဆိုသည်မှာ မကြားကောင်းသည့် စကားလုံးတစ္ဆေသဖွယ် ဖြစ်ခဲ့ရသော်လည်း သမ္မတကြီးလက်ထက်တွင်မူ အမျိုးသားညီညွတ်ရေး၏ အင်္ဂါရပ်တစ်ခုဖြစ်လာ။**

အရှေ့-အနောက်နှစ်နိုင်ငံသည် ဤတံတိုင်းကြီး ဖြိုချခဲ့ခြင်းဖြင့် ဂျာမနီ၏ ပေါင်းစည်းညီညွတ်မှုကို ကမ္ဘာသို့ပြသခဲ့သည်ဟု ဆိုနိုင်သည်။ အရှေ့ဂျာမနီမှာ လက်ဝဲနိုင်ငံရေးအတွေးအခေါ်ဖြင့် နိုင်ငံထူထောင်ထားခြင်းဖြစ်ရာ စက်မှုဖွံ့ဖြိုးတိုးတက်နေသော အနောက်ဂျာမနီက အတော်များများ ဖေးမကူညီခဲ့ရသည်။ နှစ်နိုင်ငံပေါင်းစည်းပြီးနောက် ဆင်းရဲ-ချမ်းသာကွာဟချက် ကြီးကြီးမားမားတည်ရှိခဲ့ခြင်းကို ဆယ်စုနှစ်နှင့်ချီ၍ ကြိုးစားခဲ့ကြရသည်ဟု ဆိုသည်။ ဂျာမနီဝန်ကြီးချုပ်ကို အချို့က သံမဏိမယ် Iron Lady ဟု တင်စားခေါ်ဝေါ်ကြကြောင်း သိရှိရသည်။ လူမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းရာတွင် သူမတူသောကြောင့် ဂျာမန်လူမျိုးကြီးစိတ်ဓာတ်ဟု ကမ္ဘာက ခေါ်တွင်ခဲ့ကြသော ဤနိုင်ငံတွင် အိန်ဂျယ်လာမာကယ်ဟူသော အမျိုးသမီးဝန်ကြီးချုပ်ပေါ်ထွန်းလာခဲ့ခြင်းကြောင့် သံမဏိမယ်ဟု တင်စားကြသည်များမှာ ပိုသည်ဟု မဆိုသာ။ စိတ်ထားနူးညံ့ပျော့ပျောင်းပြီး စိတ်ရှည် သည်းခံတတ်သော ကျွန်တော်တို့ သမ္မတကြီးနှင့် သံမဏိမယ်တို့တွေ့ကြလေပြီဟု စိတ်ထဲတွင်တွေးလိုက်မိသည်။

သို့သော် လက်တွေ့မြင်တွေ့ရသည့် မြင်ကွင်းများအရ သံမဏိမယ်သည် အတော်ပင်ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးရှိလှသည်။ ဂျာမနီရှိ မြန်မာသံရုံးအရာရှိတချို့၏ ပြောကြားချက်အရ အိန်ဂျယ်လာမာကယ်သည် သမ္မတကြီးအပေါ် အထူးပင် ရင်းနှီးလှိုက်လှဲစွာဆက်ဆံခဲ့ကြောင်း သိရသည်။ သမ္မတကြီး၏ ပြုပြင်ပြောင်းလဲမှုများကို အတော်ကလေးပင်အသိအမှတ်ပြုပြီး ဂျာမနီသည် မြန်မာနိုင်ငံ၏အနာဂတ်၌ ခိုင်မာသောမိတ်ဖက်အဖြစ် ရပ်တည်မည့်အကြောင်း ကတိပေးပြောကြားခဲ့သည်။ ဥရောပဇုန်တစ်ခုလုံး ၂၀၀၈ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးပျက်ကပ်တွင် အလူးအလဲခံနေရချိန်၌ အမြန်ဆုံးထောင်မတ်နိုင်ခဲ့သည်မှာ ဂျာမနီနိုင်ငံပင်ဖြစ်သည်။ ဥရောပကို ကျားကန်ပေးခဲ့သည်မှာလည်း ဂျာမနီနိုင်ငံပင်ဖြစ်သည်။ ဂရိနိုင်ငံတွင် အစိုးရအသုံးစရိတ်မိုးထိအောင် မြင့်မားနေသဖြင့် ဝင်ငွေနှင့်မမျှမတဖြစ်ကာ ပြိုလဲတော့မည့်အရေးကို ဂျာမနီက ပြန်လည်ထူထောင်ပေးခဲ့ရသည်။ ယူရိုဇုန်မပြိုလဲအောင် ဂျာမနီနိုင်ငံက တွန်းတင်ပေးခဲ့ခြင်းဖြစ်သည်။

သမ္မတကြီးနှင့်အိန်ဂျယ်လာမာကယ်တို့၏ ဆွေးနွေးမှုများတွင် “ဂျာမနီနိုင်ငံကို မြန်မာနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံသူအဖြစ် မြင်လိုပါသည်”ဟု သမ္မတကြီးက ကမ်းလှမ်းခဲ့သည်။ အိန်ဂျယ်လာမာကယ်၏ မျက်နှာတွင် မျှော်လင့်မထားသောစကား ကြားလိုက်ရသလို အံ့ဩဝမ်းမြောက်သွားသည့် ပုံရိပ်များကိုတွေ့မြင်ခဲ့ရသည်။ အိန်ဂျယ်လာမာကယ်မှာ လှိုက်လှဲဝမ်းသာစွာဖြင့် စိတ်အားထက်သန်မှုကို ပြသခဲ့သည်။ မြန်မာနိုင်ငံကို မည်မျှအလေးထားကြောင်း သူမ၏စကားသံများက ဖော်ပြနေသည်။ “ဂျာမနီနိုင်ငံဆီက ကျွန်တော်တို့အလိုချင်ဆုံးက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးပြီး ကျွမ်းကျင်မှုတွေပါရရှိစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ကြဉ်းပေးဖို့ပါပဲ။ အထူးသဖြင့် အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ဂျာမနီနိုင်ငံက ကူညီပေးစေလိုပါတယ်”ဟု သမ္မတကြီးက ပြောခဲ့သည်။ အိန်ဂျယ်လာမာကယ်က စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောကြားခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာ အမှတ်တရဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဂျာမနီသမ္မတမှာ ဂျာမန်ဘာသာစကားဖြင့်ပြောကြားခြင်းဖြစ်ရာ သမ္မတကြီးအတွက် ဘာသာပြန်ဆိုချက် နားထောင်သည့်နားကျပ်မှာ အံမကျဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက တပ်ဆင်ပေးချိန်တွင် အိန်ဂျယ်လာမာကယ်က ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ခြင်းအမှုပြုခဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်အချင်းချင်းပင် ဖြစ်လင့်ကစား ဂရုတစိုက်ရှိမှု၊ အရိပ်တကြည့်ကြည့်ဖြစ်မှု၊ ဧည့်သည်တော်ကို အလေးအမြတ်ပြုမှု စသည်တို့ကို ကိုယ်စားပြုနေသည်။ မြင်တွေ့ရသူများအတွက် နှစ်နိုင်ငံခေါင်းဆောင်များအကြားက ကြည်နူးစရာ တလေးတစား အလေးထားမှုကို ခံစားသိရှိစေသော မြင်ကွင်းလည်းဖြစ်သည်။

**“ကျွန်တော် ဂျာမနီနိုင်ငံကနေ သင်ယူစရာတွေရှိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရစနစ်၊ မြို့ပြတိုးတက်မှုပုံစံ၊ စီးပွားရေးလုပ်ငန်းတွေ၊ အဆင့်မြင့်ကုန်ပစ္စည်းထုတ်လုပ်မှု၊ အစဉ်အလာကောင်းတဲ့ပညာရေးစနစ်၊ စည်းကမ်းရှိမှုတို့ကို အများကြီးသင်ယူဖို့ လိုအပ်နေပါတယ်”** ဟု သမ္မတကြီးက ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ယခင်ကပင် ဂျာမနီနိုင်ငံလုပ် စက်ပစ္စည်းကိရိယာများသည် ခိုင်သည်၊ ခံ့သည်၊ မာသည်ဟူ၍ ပြောစမှတ်တွင်ရစ်လောက်အောင်ပင် ခိုင်မာသော အမှတ်တံဆိပ်ကို ထူထောင်နိုင်ခဲ့သည်။ အထူးသဖြင့် ဂျာမနီနိုင်ငံ၏ SME များသည် ဂျာမနီစီးပွားရေးကို မောင်းနှင်နေခြင်းဖြစ်သည်။ အလားတူ ဂျာမနီနိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များသည် အထူးပင်အားကျစရာကောင်းလှသည်။ ကျေးလက်အသေးစားစက်မှုလုပ်ငန်းများသည် ယခုအချိန်တွင် တောင့်တင်းခိုင်မာသော စက်မှုလုပ်ငန်းများဖြစ်နေကြပြီဖြစ်သည်။ ဘာလင်တံတိုင်းပြိုကျခဲ့ချိန်က ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သော အရှေ့ဂျာမနီသည် ယခုသော် အနောက်ဂျာမနီနှင့်မခြား တိုးတက်နေပြီဖြစ်ပြီး ဆင်းရဲ-ချမ်းသာကွာဟချက်လည်း လျော့ပါးနေပြီဖြစ်သည်။ နိုင်ငံရေးအယူဝါဒ ပြင်းပြင်းထန်ထန်ကွဲပြားခဲ့ရာမှ နှစ်နိုင်ငံကွဲထွက်သွားသည်အထိ ဆိုက်ရောက်ခဲ့သော ဂျာမနီနိုင်ငံသားများအနေဖြင့် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး၏ အရေးပါမှုကို ကိုယ်တိုင်ခံစား စာနာနားလည်မှုထားနိုင်ကြသည်။ မြန်မာနိုင်ငံတွင် သမ္မတကြီး လုပ်ကိုင်ကြိုးပမ်းနေသော ပြုပြင်ပြောင်းလဲရေးအတွက် ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုလည်း အိန်ဂျယ်လာမာကယ်က အတော်ကလေးပင် နားလည်ထားသည်ကို တွေ့ရှိရသည်။ ဖြတ်သန်းလာခဲ့ရသော အမျိုးသားညီညွတ်ရေး အတွေ့အကြုံများက မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအပေါ် ပိုမို၍ စာနာစေခြင်းဖြစ်မည်ဟုလည်း တွေးမိသည်။

သမ္မတကြီး၏ ခရီးစဉ်နှင့် အချိန်ကိုက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)၊ နိုင်ငံတကာလူ့အခွင့်အရေးဖက်ဒရေးရှင်း (the International Federation for Human Rights-FIDH)နှင့်FIDHအဖွဲ့ဝင်Alternative ASEAN Network on Burma တို့က ဥရောပသမဂ္ဂသို့ စက်တင်ဘာ ၁ ရက်က အိတ်ဖွင့်ပေးစာပေးပို့၍ သမ္မတကြီးခရီးစဉ်အတွင်း ဖိအားပေးမှုများ မြင့်မားစေရန် ကြိုတင်ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း သမ္မတကြီး၏ ခရီးစဉ်အတွင်း ကြီးမားသောဖိအားပေးမှုများ ကြုံတွေ့ခဲ့ရခြင်း အလျဉ်းမရှိခဲ့သည်မှာလည်း မြန်မာနိုင်ငံ၌ သမ္မတကြီးဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် မည်မျှအလေးထားသည်ကို ဖော်ပြနေခြင်းလည်း မည်ပေသည်။ ဂျာမန်သတင်းဌာနများကလည်း **“ဂျာမနီသို့ လာရောက်သော သမ္မတ ဦးသိန်းစိန်သည် စကားပြောကောင်းသူတစ်ဦးမဟုတ်သော်လည်း မြန်မာ့သမိုင်းအတွက် အရေးပါသူဖြစ်ကြောင်း၊ စိန်ခေါ်မှုများ၊ ပြဿနာများများစွာရှိနေသော မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းတွင် သမ္မတဦးသိန်းစိန်က တတ်နိုင်သမျှ ဖြေရှင်းပေးလျက်ရှိကြောင်း”** ရေးသားဖော်ပြခဲ့ကြသည်။

စက်တင်ဘာ ၄ ရက်တွင် သမ္မတအိမ်တော်၌ ဂျာမနီသမ္မတ ဂျိုအာချင်ဂေါက်တို့ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဂျာမနီသမ္မတကြီးသည် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ လာရောက်ခဲ့သူဖြစ်သည်။ ထိုစဉ်က သမ္မတကြီးနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ ပေးဆပ်ရန်ရှိသည့် ကြွေးမြီ ယူရို ၁၀၈၄ သန်း (တစ်ဘီလီယံကျော်)ကို ထက်ဝက်သာ မြန်မာနိုင်ငံက ပြန်လည်ပေးဆပ်ရန်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စာစီစာကုံး ပန်းချီပြိုင်ပွဲ ကျင်းပ

**ပူတာအို စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်းမှုဖြင့် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်နံနက် ၁၀ နာရီခွဲက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကံပို၊ မြို့မစခန်းမှူး ဒုရဲမှူးတင်အောင်၊ အထက(ပူတာအို) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်တို့က ပြိုင်ပွဲကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အထက်တန်းအဆင့်တွင် “ရဲနှင့်ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှ ချေမှုန်းကြ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် “ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ ပြည်သာယာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံး၊ ပန်းချီ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အလယ်တန်း၊ အထက်တန်းစာစီစာကုံးပြိုင်ပွဲတွင် ၁၈ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်ဆုရကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁ ရက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အသိပညာပေးဆောင်းပါးများ အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သယ်နီးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းပြီးနောက် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ တိုင်ကြားမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက် ပေါ်လွင်ထင်ရှားသော တိုင်ကြားမှုအရေအတွက် မည်မျှရှိသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းက ကော်မရှင်ရုံး စတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်မှ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၁ ရက်အထိ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ တိုင်ကြားခြင်းအပါအဝင် တိုင်စာပေါင်း ၅၃၃စောင် ရရှိခဲ့ပါကြောင်း၊ တိုင်ကြားစာများတွင် မြေယာ ၁၇၀ မှု၊ တရားရေး ၉၅ မှု၊ အုပ်ချုပ်ရေး ၂၃၈ မှု၊ အထွေထွေ ၃၀ မှု ဖြစ်ပါကြောင်း၊ တိုင်ကြားစာများအနက် ပေါ်လွင်ထင်ရှားပြီး ကော်မရှင်မှ ဆောင်ရွက်ရသော အမှုအရေအတွက် ၃ မှုရှိခဲ့ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတွင် ပြဋ္ဌာန်းထားသော အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုကြောင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၈(ခ)၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ တို့နှင့်အညီ အရေးယူ



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး။

ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် လုပ်ကိုင်ရမည့် အစီအစဉ်အသေးစိတ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူကို လိုအပ်သော အကာအကွယ်ပေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဈ)တွင် ပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေ (မူကြမ်း)တွင်လည်း ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အကယ်၍ တိုင်ကြားသူအပေါ် အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေပေါ်ပေါက်လာပါက လိုအပ်သည့် အကာအကွယ်၊ စောင့်ရှောက်မှုပြုနိုင်ရန် ဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(င) နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနမှ အကူအညီရယူဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **"ပြည်ထောင်စုအစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအား မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထားရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်စွဲပါ အမိန့်အမှတ် (၆/၂၀၁၄)ဖြင့် "လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်"ကို ဖွဲ့စည်းခဲ့ပါကြောင်း၊



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး။

သို့ရာတွင် ဥပဒေပါ အမည်၊ အခေါ်အဝေါ်များ ပြောင်းလဲရန်နှင့် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ အဆင့်အတန်း သတ်မှတ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ဖြင့် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ"အား ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါပြင်ဆင်ချက်ဥပဒေတွင် "လာဘ်ပေးလာဘ်ယူမှု" စကားရပ်ကို "အဂတိလိုက်စားမှု" ဟူ၍ လည်းကောင်း၊ "လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး" စကားရပ်ကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေး" ဟူ၍လည်းကောင်း အသီးသီး အစားထိုး ပြဋ္ဌာန်းထားရှိပါကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်(၁၉/၂၀၁၄)ဖြင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ တရားစွဲဆိုခြင်းများနှင့် စပ်လျဉ်း၍ အဆိုပါ ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ခ)တို့တွင် ပြဋ္ဌာန်းထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မရှင်အနေဖြင့် ပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေနှင့်အညီ အဂတိလိုက်စားမှုများနှင့် သက်ဆိုင်သည့် တိုင်စာများအား လက်ခံစိစစ်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကြမ်း ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြန်ကြားရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းမှုကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဖြေကြားခဲ့သည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး၏ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူလူထုကြား သိရှိသင့်သည်များကို မီဒီယာကဏ္ဍမှ မှန်မှန်ကန်ကန်သိရှိအောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အသိပညာရရှိနိုင်ရန်အတွက် အမျိုးသားညီလာခံတွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အခြေခံမူများ အသေးစိတ်ဆွေးနွေးခဲ့မှုများကို နေ့စဉ်သတင်းအစီအစဉ်တွင် ထုတ်လွှင့်ဖော်ပြပေးခဲ့ပါကြောင်း၊ အမျိုးသားညီလာခံမှ ရေးသားပြီးစီးခဲ့သည့် ဖွဲ့စည်းပုံ

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❄

အမျိုးသားလွှတ်တော်အစည်းအဝေး

# လျှပ်စစ်ကြောင့် ပြည်သူများ အသက်အန္တရာယ်မဖြစ်စေရေး ဝန်ထမ်းအားလုံး အထူးအလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အုတ်တံတိုင်းခတ် ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူသုံး လမ်းမြေအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးအား ၁၉၁၅ ခုနှစ်တွင် စတင်တည်ဆောက် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယင်းဆေးရုံကြီး၌ ဆေးကုသမှုခံယူသည့် လူနာဦးရေ နှစ်စဉ်တိုးတက်များပြားလာပြီး ဆေးရုံ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာသောကြောင့် ၁၉၉၉ ခုနှစ်တွင် အများပြည်သူပိုင် ကိန္နရာလမ်းအကျယ်ပေ(၅၀)၊ အရှည် (၄၇၂)ပေ၊ ဧရိယာ (သုည ဒသမ ၅၄၆)ဧကအား ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးပိုင်မြေအဖြစ် သတ်မှတ်ပြီး အဆိုပါလမ်းအား အုတ်တံတိုင်းဖြင့် ပိတ်ဆို့ကာရံခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ပြည်သူများသည် ကိန္နရာလမ်းမှ မြို့မလမ်းဘက်သို့ သွားလာလိုပါက ဆေးရုံကြီး အုတ်နံရံနှင့် ကပ်လျက်ရှိသော နေသူရိန်လမ်းမှတစ်ဆင့် ထင်းတန်းလမ်း၊ မြို့မလမ်းများသို့ သွားလာခဲ့ကြပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးပိုင်အဖြစ် လွှဲပြောင်းရယူခဲ့သော ကိန္နရာလမ်းပိုင်း၏ အနောက်ဘက်ခြမ်း၌ သူနာပြုသင်တန်းသူများအတွက် အိပ်ဆောင်(သုံးထပ်ဆောင်)အား ဆောက်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ (လေးထပ်ဆောင်) ဆောက်လုပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်အရ လွှဲပြောင်းရယူခဲ့သော ကိန္နရာလမ်းပိုင်းအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းအား အသုံးပြုလိုသော ပြည်သူများအနေဖြင့် ဆေးရုံကြီးနှင့်ကပ်လျက်ရှိသော နေသူရိန်လမ်းမှတစ်ဆင့် သွားလာဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ရမှုများတွင် နစ်နာသူများ၊ နစ်နာမှုများကို ထိုက်တန်စွာကုစားပေးရန်နှင့် လျှပ်စစ်ဆိုင်ရာဘေးအန္တရာယ်လုံခြုံမှုအတွက် ထိရောက်စွာကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက တည်ငြိမ်၍ ဗို့အားပြည့်မီသော လျှပ်စစ်ဓာတ်အားကိုလုံခြုံ ၍ ဘေးအန္တရာယ်ကင်းရှင်းစွာ (၂၄)နာရီ စဉ်ဆက်မပြတ် ဖြန့်ဖြူး



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။

ပေးနိုင်ရန်အတွက် (၁) မဂ္ဂါဝပ် (၁၀၀၀ ကီလိုဝပ်) ပမာဏရှိသော ဓာတ်အားကို ဖြန့်ဖြူးမည်ဆိုပါက အမေရိကန်ဒေါ်လာ (၁)သန်း သို့မဟုတ် မြန်မာကျပ်ငွေသန်း ၁၀၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုးတက်သုံးစွဲလာသည့် ဓာတ်အားပမာဏအပေါ် ခွင့်ပြုရရှိခဲ့သည့် ရန်ပုံငွေပမာဏမှာ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဟောင်းများ အစားထိုးလဲလှယ်တပ်ဆင်မှုအတွက် မလုံလောက်သည့်အပြင် ထပ်မံတိုးချဲ့တပ်ဆင်မှုများကိုလည်း လိုအပ်သလောက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးဌာနပိုင် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၂၄၆၆ ဒသမ ၄) မိုင်၊ ၃၃ ကေဗွီဓာတ်အားလိုင်း (၄၉၀၃ ဒသမ ၉၂) မိုင်၊ ၁၁ ကေဗွီနှင့် ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်း (၁၀၆၂၅ ဒသမ ၇၈) မိုင်နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း (၁၃၃၀၃ ဒသမ ၁၂) မိုင် တည်ဆောက်ထားရှိရာ အန္တရာယ်ကင်းရှင်းစေမည့် လျှပ်တားအကာပါသော ကြိုးစနစ်ဖြင့် ပြောင်းလဲတပ်ဆင်မည်ဆိုပါက ဗို့အားအပေါ်မူတည်၍ ကုန်ကျစရိတ် (၁) မိုင်လျှင် ကျပ် (၅၅၈) သန်းမှ (၉၃၀) သန်းခန့်အထိ ကုန်ကျမည်ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၅၀ နီးပါး ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသော ယင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးအောင် လဲလှယ်တပ်ဆင်အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအရင်းအနှီးနှင့် အချိန်လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်၏ ချွတ်ယွင်းမှုကြောင့် ထိခိုက်နစ်နာမှုပေါ်ပေါက်ပါက ဝန်ထမ်းများအတွက် လူမှုဖူလုံရေးရန်ပုံငွေ ထည့်သွင်းစုဆောင်းထားရှိ၍ ပေးလျော်ပေးလျက်ရှိပါကြောင်း၊ အလားတူ ဓာတ်အားသုံးစွဲသူများ၏ ထိခိုက်နစ်နာမှုများနှင့် လူပုဂ္ဂိုလ်၊ သတ္တဝါများအတွက် ထိခိုက်နစ်နာမှုများကို လူမှုဖူလုံရေးရန်ပုံငွေမှလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေ တိုးတက်လာမှုအခြေ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး။

အနေအရလည်းကောင်း လုံလောက်ထိုက်တန်သော လျော်ကြေးများ ပေးအပ်နိုင်ရန်အတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ် ဝန်ထမ်းများအတွက် အန္တရာယ်ကာကွယ်ရေး ကိရိယာ တန်ဆာပလာများနှင့် လုံခြုံရေး အစီအမံများကို ကျွမ်းကျင်မှုအပိုင်း အရလည်းကောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လည်းကောင်း နှစ်စဉ်ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုပေးရာ၌ ပေါ့လျော့တာဝန်ထမ်းဆောင်မှု ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသော ပြစ်ဒဏ်များ ချမှတ်လျက်ရှိပါကြောင်း။

ယခုအခါ အရည်အသွေး ပြည့်မီခြင်းမရှိသည့်ပစ္စည်းများ မဖြစ်စေရေးအတွက် အထူးဂရုစိုက်ရွေးချယ်အသုံးပြုလျက်ရှိပါကြောင်း၊ တိုးတက်တောင်းခံလာသော ဓာတ်အားသုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေအတွင်း ဓာတ်အားတိုးချဲ့ပေးနိုင်ရေးကိုသာ ပြည်သူများအတွက် ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း၊ ယခုကာလမှစ၍ လျှပ်စစ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခြင်းနှင့် ပြည်သူများ၏ အသက်အန္တရာယ် မဖြစ်စေရေးအတွက် ဝန်ထမ်းအားလုံး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးရန်အတွက် ရန်ပုံငွေလုံလောက်စွာ အသုံးပြုနိုင်သည့်အချိန်တွင် ပိုမိုခေတ်မီသော အကာအကွယ်များကို တိုးချဲ့တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**☆ လယ်ယာကဏ္ဍမှ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလအတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးအခမ်းအနားတွင် "အာဆီယံအသိုက်အဝန်းအား တည်ငြိမ်သော၊ အောင်မြင်ကြွယ်ဝသော၊ ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားသော၊ အချိုးညီညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေးကွာခြားမှုနည်းပါးသော ဒေသကြီးဖြစ်လာရန်" အာဆီယံ၏ မျှော်မှန်းချက် ၂၀၂၀ ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း။

အာဆီယံမျှော်မှန်းချက် ၂၀၂၀ အရ မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို ဟန်ချက်ညီစွာဖြင့် ၂၀၁၅ ခုနှစ်တွင် တည်ထောင်သွားကြရန် မျှော်မှန်းခဲ့ပါကြောင်း၊ အာဆီယံ၏ မျှော်မှန်းချက်များကျင် ပျက်စီးယိုယွင်းလာနေမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်ကျဆင်းရခြင်းအချက်ကိုလည်း တွက်ချက်ပြီး နိုင်ငံတိုင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပိုမို၍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်ရှိနေကြောင်းကို မီးမောင်းထိုးပြ ပြောကြားလိုပါကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် သဘာဝတောတောင်ရေအရင်းအမြစ်၊ သစ်တောအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများကို အထူးအလေးအနက်ထား၍ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများအတွင်း၌လည်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မြင့်တက်လာခဲ့သော အပြည်ပြည်ဆိုင်ရာစားနပ်ရိက္ခာဈေးနှုန်းများကြောင့် အာဆီယံခေါင်းဆောင်တွင် အလေးအနက်ညှိနှိုင်းသုံးသပ်ပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ကူညီဖော်ဆောင်ပေးကြရန် လိုအပ်ချက်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

အခြေခံကျသည့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍပေါ်တွင် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်အလို့ငှာ ၎င်းတို့ စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် ထိုက်တန်ခိုင်မာသော ဈေးနှုန်းများ ရရှိရေးအချက်ကိုလည်း အာဆီယံနိုင်ငံများအကြား နည်းလမ်းများရှာဖွေပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အာဆီယံထိပ်သီးဆွေးနွေးပွဲများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ ချမှတ်ခဲ့သည့် သဘောတူညီမှု မူဘောင်များနှင့်အညီ ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍမှတစ်ဆင့် စားနပ်



**(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ပြည့်မီရန်ရည်ရွယ်ပြီး ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ယခုနှစ်ဆောင်ပုဒ်ကို "ရှေ့သို့တူညီ တက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူ၍ သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရာတွင် နိုင်ငံအသီးသီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့်အတူ နိုင်ငံတိုင်း၏ စားရေရိက္ခာဖူလုံရေးတာဝန်ကို အကောင်အထည်ဖော်နေကြသည့်တာဝန်သည် နိုင်ငံတိုင်းအတွက် မရှိမဖြစ် အဓိကအခြေခံအမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

စားရေရိက္ခာဖူလုံမှုမရှိဘဲ လူမှုဘဝသာယာမှုကို တည်ဆောက်နိုင်မည် မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက်တွင်လည်း ၂၀၂၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး ရည်မှန်းချက်သတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် အာဆီယံနိုင်ငံများအနေဖြင့်လည်း လက်တွဲညီညီကြိုးပမ်းပါဝင်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

သို့ရာတွင် ကမ္ဘာ့လူဦးရေသည် နှစ်စဉ် ပုံမှန်တိုးပွားလာလျက်ရှိနေပြီး လက်ရှိလူဦးရေ ခုနစ်ဘီလီယံတွင် နေ့စဉ်လူဦးရေသန်းပေါင်း ၈၅၀ ခန့်သည် စားရေရိက္ခာအခက်အခဲနှင့် အာဟာရမပြည့်ဝမှု ခံစားနေကြရပါကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံကျော် ၁၀ ဘီလီယံအထိ တိုးပွားမြင့်တက်လာမည်ဖြစ်ကြောင်း တွက်ချက်ထားရှိမှုများအရ စားနပ်ရိက္ခာထုတ်လုပ်မှုအား ယခုထက် နှစ်ဆပိုမိုထုတ်လုပ်ရန် လိုအပ်လာမည်ဖြစ်ပါကြောင်း။

အားလုံးသိရှိကြသည့်အတိုင်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ သဘာဝပတ်ဝန်းများသည် စားနပ်ရိက္ခာဖူလုံမှုစိတ်ချစေရေး အမြဲတမ်းပူးပေါင်းဆောင်ရွက်ကြရန် ကတိပြုခဲ့ကြပြီး ဘက်စုံလွှမ်းခြုံသည့် အာဆီယံစားနပ်ရိက္ခာဖူလုံစိတ်ချစေရေး မူဘောင်နှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အာဆီယံဒေသစားနပ်ရိက္ခာဖူလုံစိတ်ချစေရေး မဟာဗျူဟာများကို ကြေညာစာတမ်းတွင် အတည်ပြုနိုင်ခဲ့ကြပြီးဖြစ်ပါကြောင်း။

အလားတူ အာဆီယံနိုင်ငံများအတွင်း အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဘောင်အရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစားနပ်ရိက္ခာဖူလုံမှုဘုတ်အဖွဲ့၊ စားနပ်ရိက္ခာ ဖူလုံရေးသတင်းအချက်အလက်စီမံကိန်းနှင့် အာဆီယံနှင့် အပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာမိသားစုလယ်ယာလုပ်ငန်းနှစ်"အဖြစ်သတ်မှတ်ပြီး "မိသားစုတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့"ဆောင်ပုဒ်ချမှတ်ပေးထားသည်ကို အားလုံးသတိမူပြီး လယ်ယာကဏ္ဍတွင် အဓိကအင်အားစု ၈၀ ရာခိုင်နှုန်းကျော် ပါဝင်နေကြသည့် လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် မိသားစုလယ်ယာစိုက်ပျိုးရေးလုပ်ငန်းငယ်များကို ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်ချက်များအပေါ်ရိက္ခာ ဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ကို အလေးအနက်ယုံကြည်မိပါကြောင်း။

စားရေရိက္ခာနှင့် အာဟာရပြည့်ဝရေးသည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယနေ့ကာလ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှု အခန်းကဏ္ဍသည် ရှေးယခင်သမိုင်းကာလထက် ပိုမိုအရေးပါလျက်ရှိကြောင်းကို အခိုင်အမာယုံကြည်မိပါကြောင်း၊ အနာဂတ်မျိုးဆက်များ စီမံခန့်ခွဲမှုအပေါ် အလေးထားပြီး နီးကပ်စွာအတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လာမည့်သုံးရက်တာကာလအတွင်း အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြင့်တင်နိုင်ရန် မိမိတို့၏အမြင်နှင့် အကြံဉာဏ်များ ဖလှယ်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပြည့်စုံပြီး ပျော်ရွှင်ဖွယ်အသိုက်အဝန်းအဖြစ် ဖန်တီးနိုင်ရေးအတွက် အာဆီယံပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရအဆင့်အတန်းတိုးတက်မှုနှင့် စားနပ်ရိက္ခာအန္တရာယ်ကင်းရှင်းမှုနယ်ပယ်များတွင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံ စီးပွားရေးပေါင်းစည်းမှုအတွက် ဆောင်ရွက်မည့်အစီအမံများ ဖော်ထုတ်နိုင်သော အခွင့်အလမ်းများကို ရရှိမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ကောင်းမွန်သော သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု နည်းလမ်းများပါဝင်သည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအပေါ် ဗဟိုပြုသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အာဆီယံဒေသအတွက်သာမက စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများကို အသေအချာ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးဖွင့်လှစ်ကြောင်းကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက "တို့အောင်ပွဲခံ အာဆီယံ" သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။

**(သတင်းစဉ်)**

# ချန်ပီယံ ရတနာပုံအသင်းကို ဖီဖာဥက္ကဋ္ဌ ချီးကျူးဂုဏ်ပြုစာပေးပို့

၂၀၁၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ချန်ပီယံ ရတနာပုံအသင်းကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ချီးကျူးဂုဏ်ပြု ဝမ်းမြောက်ကြောင်း စာရေးသားပေးပို့ခဲ့သည်။

ဖီဖာဥက္ကဋ္ဌ ဘလတ္တာသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်မှတစ်ဆင့် အဆိုပါ ဂုဏ်ယူဝမ်း မြောက်ကြောင်းစာကို ပေးပို့ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အမှတ်ပေးချန်ပီယံဆုကို ပွဲစဉ် ၂၀ ပြီးကတည်းက ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ရမှတ် ၅၀ ဖြင့် ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ချန်ပီယံဆုဖလားကို နောက်ဆုံးပွဲစဉ်ဖြစ်သည့် Southern အသင်းနှင့် ပွဲအပြီးတွင်ရယူမည်ဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့အတွင်း၌ လှည့်လည်အောင်ပွဲခံမည်ဖြစ်သည်။

ရတနာပုံအသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး ၂၀၀၉ ရာသီ၊ ၂၀၁၀ ရာသီနှင့် ယခု ၂၀၁၄ ရာသီတို့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ **(စိုးညွန့်)**



၂၀၁၄ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း။



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအား ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ပုလဲခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်နှင့် ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးဦးတင်ဦးလွင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# (၃၆)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

(၃၆)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၂၆၇ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ (၃၅)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ သဘာပတိ Mr. Dato Ismail Sabri Bin Yaakob က အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် **မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။**

**၎င်းအစည်းအဝေးမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးကိုလည်း ထောက်ခံအတည်ပြုပြီး လက်မှတ်ရေးထိုးရန်ရှိကြောင်း ပြောကြားသည်။**

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လယ်ယာနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများက အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံစီးပွားရေးကောင်စီအစည်းအဝေးနှင့် အခြားသော အာဆီယံလုပ်ငန်းအဖွဲ့များ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများဖြစ်သည့် စားနပ်ရိက္ခာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ သီးနှံကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်အထိ ရှေးရှုဆောင်ရွက်မည့် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအတွက် မျှော်မှန်းချက် အသစ်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ထားရှိမှုများ၊ အာဆီယံနှင့် ဂျပန်နိုင်ငံတို့ အကြား ကောင်းမွန်သော စားသောက်ကုန်တန်ဖိုးကွင်းဆက် တည်ထောင်ရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အဆိုပြုချက်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အဆိုပြုတင်ပြသည့် ငှက်မွှတ်ခေါင်းပါးမှု ပပျောက်ရေးစိန်ခေါ်မှု၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနမှ အဆိုပြုတင်သွင်းသည့် အာဆီယံဆန်စပါး သိပ္ပံပညာရှင်များ မွေးထုတ်ပေးခြင်းဖြင့် ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်တည်ငြိမ်စေရေး၊ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တင်သွင်းသည့် စားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးသည့် အာရှဒေသဖြစ်ပေါ်စေရေး အဆိုပြုချက်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)**



**(သတင်းစဉ်)**

❄ **စာမျက်နှာ ၇ မှ**

အခြေခံဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ၂၀၀၈ ခုနှစ်မှ စတင်ကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပသည့် မေလအထိ တေးသီချင်း(၄၂)ပုဒ်၊ ဇာတ်လမ်းတို(၆)ကား၊ ဆွေးနွေးခန်း(၈)ခုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ခန်းပါ ပုဒ်မများကို အခြေခံသည့် ပညာပေးဇာတ်လမ်းကိုလည်း ထုတ်လွှင့်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ဥပဒေစကားဝိုင်း ဆွေးနွေးပွဲကို ထုတ်လွှင့်ဖော်ပြပေးခဲ့ပါကြောင်း။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား မှတ်တမ်းမှတ်ရာအဖြစ် ကိုးကားနိုင်ရန် မဂ္ဂဇင်းအရွယ်စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်ပူးတွဲ၍ လည်းကောင်း၊ သယ်ယူမှုလွယ်ကူစေရန် အိတ်ဆောင်အရွယ် စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်ခွဲ၍လည်းကောင်း ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးလျက်ရှိပါကြောင်း၊ အဆိုပါ ဥပဒေစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.moi.gov.mm တွင်လည်း အများပြည်သူ လေ့လာဖတ်ရှုနိုင်ရန် ဖော်ပြထားရှိပါကြောင်း။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတစ်ဦး၏ တာဝန်၊ အခွင့်အရေးနှင့် နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းရမည့် အချက်များစသည်တို့နှင့်ပတ်သက်၍ ပြည်သူလူထု သိရှိသင့်သည်များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နှစ်စဉ်ဖော်ပြပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အသိပညာပေး ဆောင်းပါးများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **"နိုင်ငံပိုင် New Light of Myanmar သတင်းစာတွင် ပြည်သူ့လွှတ်တော်အား Lower House ဟု လည်းကောင်း၊ အမျိုးသားလွှတ်တော်ကို Upper House ဟုလည်းကောင်း ရေးသားနေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအင်္ဂလိပ်ဘာသာပြန်နှင့် ကွဲလွဲနေခြင်းကြောင့် မည်သည့်ရေးထုံးအရ ရေးသားခြင်းကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော The New Light of Myanmar သတင်းစာတွင် လွှတ်တော်များ လုပ်ငန်းစတင်ဆောင်ရွက်ချိန်ကတည်းက ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyidaungsu Hluttaw ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Amyotha Hluttaw ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyithu Hluttaw ဟုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့်အတိုင်း သုံးနှုန်းဖော်ပြခဲ့ပါကြောင်း။

The New Light of Myanmar သတင်းစာတွင် အထက်တင်ပြပါ အသုံးအနှုန်းများအတိုင်း ရေးသားဖော်ပြခြင်းကြောင့် နိုင်ငံခြားသားအများစု ဖတ်ရှုသည့်အခါ နားမလည်နိုင်ကြောင်း အကြံပြုချက်များရရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် မေ ၁၅ ရက်မှစပြီး ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် Pyidaungsu Hluttaw ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် (Upper House) ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် (Lower House) ဟုလည်းကောင်း ပြင်ဆင်သုံးနှုန်းခဲ့ပါကြောင်း။

နိုင်ငံတကာလွှတ်တော်များကို လေ့လာသည့်အခါ အမေရိကန်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းပြီး အောက်လွှတ်တော်ကို The House ဟု ရေးသားသုံးနှုန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဂျပန်လွှတ်တော်တွင် အထက်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းထားပါကြောင်း၊ အိန္ဒိယလွှတ်တော်တွင်လည်း အထက်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းပြီး အောက်လွှတ်တော်ကို The Lower House ဟု ရေးသားသုံးနှုန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယခုအခါ The New Light of Myanmar သတင်းစာတွင် ပြည်တွင်း၊ ပြည်ပ စာဖတ်ပရိသတ်များ အလွယ်တကူ နားလည်စေမည့် Amyotha Hluttaw (The Upper House) ဟုလည်းကောင်း၊ Pyithu Hluttaw (The Lower House) ဟုလည်းကောင်း နှစ်မျိုးစလုံး ဖော်ပြ၍ ပြောင်းလဲအသုံးပြုလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်က "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ထိပ်သီးညီလာခံ ကုလသမဂ္ဂ၌ ဖွင့်လှစ်



ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ ထိပ်သီးညီလာခံ ကျင်းပသည့် အထွေထွေညီလာခံ ခန်းမဆောင်ကို တွေ့ရစဉ်။

**နယူးယောက် စက်တင်ဘာ ၂၃**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ထိပ်သီး ညီလာခံကို ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၃ ရက်က ဖွင့်လှစ်လိုက်သည်။ ယခုကျင်းပသော ထိပ်သီး ညီလာခံသည် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များက တက်ရောက်သည့် ဆွေးနွေးပွဲ များအနက် အကြီးကျယ်ဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ခေါင်းဆောင် ၁၂၀ တက်ရောက်သည့် ထိပ်သီး ညီလာခံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အိမ်ရှင်အဖြစ် ကမကထပြုကျင်းပသည်။ ၂၀၀၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပခဲ့သော ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ညီလာခံနောက်ပိုင်း ပထမဆုံး ကျင်းပသော နိုင်ငံတကာထိပ်သီးညီလာခံဖြစ်သည်။

၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပရန် စီစဉ်ထားသော ရာသီဥတုဆိုင်ရာ ညီလာခံ အကြိုကာလတွင် ကျင်းပသည့် ညီလာခံလည်းဖြစ်သည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်လာမှုပြဿနာကို ကမ္ဘာ့ နိုင်ငံများက အရေးအကြီးဆုံး ကိစ္စရပ်အဖြစ် အရေးယူ ကိုင်တွယ်ဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီဖြစ် ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။ **ပီတီအိုင်။**

## ပျောက်ဆုံးနေသော အာဖဂန်တပ်ဖွဲ့ဝင်သုံးဦးကို အမေရိကန်-ကနေဒါနယ်စပ်၌ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် စက်တင်ဘာ ၂၃**

စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ပျောက်ဆုံးသွားခဲ့သော အာဖဂန်တပ်ဖွဲ့ဝင်သုံးဦးကို အမေရိကန်-ကနေဒါနယ်စပ်ဒေသတွင် ရှာဖွေတွေ့ရှိရ ကြောင်း အမေရိကန်သတင်းဌာနများက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြန်လည်တွေ့ရှိရသော အာဖဂန်တပ်ဖွဲ့ဝင်သုံးဦးကို နိုင်ယာဂရာ ရေတံခွန်အနီးရှိ နယ်စပ်ဖြတ်ကျော်ရေး စခန်းတွင် ထိန်းသိမ်းထားရှိကြောင်း တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန် အမျိုးသားတပ်မတော်မှ တပ်ဖွဲ့ဝင် ၁၄ ဦးတွင် ၎င်းတို့ သုံးဦးပါဝင်သည်။ နည်းဗျူဟာဆိုင်ရာ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်ခဲ့ကြပြီးနောက် စက်တင်ဘာ ၂၀ ရက်ညက ကုန်တိုက်တစ်ခုတွင် ဈေးဝယ် နေခဲ့ကြပြီး ပျောက်ဆုံးသွားခဲ့သည်။ ရက်သတ္တတစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုတွင် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ တပ်ဖွဲ့ ဝင် ၂၀၀ ပါဝင်လေ့ကျင့်ခဲ့ကြသည်။ **ဘီဘီစီ။**




ဟောင်ကောင်မြို့လယ်ဒေသ၌ ဓာတ်ရထားတစ်စင်း ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

## ဗဟိုအစိုးရအဖွဲ့၏ ဟောင်ကောင်ဆိုင်ရာ မူဝါဒ ပြောင်းလဲမှုမရှိဟု တရုတ်သမ္မတ ပြောကြား

ပေကျင်း စက်တင်ဘာ ၂၃

**အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဟောင်ကောင်ဒေသ၏ ကြွယ်ဝချမ်းသာမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှုတို့နှင့်အတူ ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ မြှင့်တင်အားပေးသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားလိုက်သည်။**

ဗဟိုအစိုးရအဖွဲ့၏ ဟောင်ကောင်ဒေသဆိုင်ရာ အခြေခံမူဝါဒမှာ ပြောင်းလဲမှုမရှိသည့်အပြင် အနာဂတ် ကာလတွင်လည်း ပြောင်းလဲမည်မဟုတ်ကြောင်း၊ တစ်နိုင်ငံ စနစ်နှစ်မျိုး မူဝါဒနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ဗဟို အစိုးရအဖွဲ့က လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း သမ္မတရှီက ဟောင်ကောင်ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံရာတွင် ပြောကြားသည်။ အဆိုပါ ကိုယ်စားလှယ် အဖွဲ့ကို ဟောင်ကောင် အမှုဆောင်အရာရှိချုပ်ဟောင်း ထုန်ချိဟွာက ဦးဆောင်ပြီး ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ၇၀ ပါဝင်သည်။ ထုန်ချိဟွာသည် ယခုအခါ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်သည်။

ဟောင်ကောင်၌ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အခြေခံမူဘောင်ကို တရုတ်ဥပဒေပြု လွှတ်တော်က အတည်ပြုပေးခဲ့ချိန်နောက်ပိုင်း တရုတ် သမ္မတက ဟောင်ကောင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို လက်ခံတွေ့ဆုံခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုစဉ်အတွင်း ဟောင်ကောင်၌ ရွေးကောက်ပွဲ ပြုပြင် ပြောင်းလဲမှုပြုလုပ်ရန် တောင်းဆိုသည့် ဆန္ဒပြပွဲများကို ပြုလုပ်ခဲ့ကြသည်။ **ဆင်ဟွာ။**

## အိန္ဒိယအရှေ့မြောက်ပိုင်းရှိ ပြည်နယ်နှစ်ခု၌ မုတ်သုံမိုးကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွား

**နယူးဒေလီ စက်တင်ဘာ ၂၃**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ ပြည်နယ်နှစ်ခုတွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ ဒေသခံပြည်သူများအား ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းကြရန် တာဝန်ရှိသူများက ဆော်ဩလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများ က စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၂၀ ရက်မှစ၍ အာသံပြည်နယ်နှင့် မက်ဂါလာယာပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် တံတားများ၊လမ်းများနှင့် နေအိမ်များ ရေတိုက်စား မျောပါကာ ပျက်စီးခဲ့ရသည်။ မက်ဂါလာယာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၁၀ ဦးထက် မနည်းသေဆုံးခဲ့ရ သည်။

စက်တင်ဘာလ အစောပိုင်းက မုတ်သုံမိုးသည်းထန် စွာ ရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံက ထိန်းချုပ်သော ကက်ရှ်မီးယားပြည်နယ်တွင် လူ ၂၁၀ ကျော် သေဆုံးခဲ့ရ သည်။

စက်တင်ဘာ ၂၂ ရက်မှစ၍ ယခုအချိန်ထိ မက်ဂါ လာယာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၂၅ ဦး သေဆုံးခဲ့ရသည်။ တောင်ကုန်း တောင်တန်းဒေသများ၌ တည်ရှိသော ခရိုင်နှစ်ခုတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

အိန္ဒိယတပ်မတော်မှ တပ်ဖွဲ့ဝင်များကို အဆိုပါ ပြည်နယ်သို့ စေလွှတ်ပေးခဲ့သည်။ မြောက်ပိုင်းဂါရို တောင်ကုန်းဒေသ၌ ရေလွှမ်းခံ ကျေးရွာပေါင်း ၁၀၀ခန့်မှ ပြည်သူများအား မြေမြင့်ရာအရပ်များ၌ တည်ရှိသော စာသင်ကျောင်းများနှင့် ဘုရားကျောင်းများသို့ ပြောင်းရွှေ့ ခိုလှုံစေခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းပြည်နယ်နှင့် အိမ်နီးချင်း အာသံပြည်နယ် ဂိုလ်ပါလာခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် ပိတ်မိနေသည့် ပြည်သူများအား စစ်သည်များနှင့် ကယ်ဆယ်ရေး လုပ်သားများက ကယ်တင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**



အာသံပြည်နယ် ဂိုလ်ပါလာဒေသ၏ ရေလွှမ်းမိုးရာ အရပ်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

## ဂိုလန်ကုန်းမြင့် ဝေဟင်အတွင်း ဆီးရီးယားတိုက်လေယာဉ် ပစ်ချခံရ

**တဲလ်အဗစ် စက်တင်ဘာ ၂၃**

အသိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်ဒေသ၏ ဝေဟင် အတွင်း လမ်းမှားဝင်ရောက်လာပုံရသည့် ဆီးရီးယား ဂျက်တိုက်လေတပ်တစ်စင်းကို အစ္စရေးက ပစ်ချခဲ့ကြောင်း ဆီးရီးယား တိုက်လေယာဉ်သည် အစ္စရေးထိန်းချုပ် ထားသော လေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်လာ ခဲ့ကြောင်း အစ္စရေးစစ်ဘက်က စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ပစ်ချခံရသော ဆီးရီးယားတိုက်လေယာဉ်မှာ ရုရှား လုပ် ဆူခွိုင်းအမျိုးအစားဖြစ်ပြီး မြေပြင်ပေါ်သို့ မီးလောင် ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးမှာ လေယာဉ်ထိုင်ခုံကို တွန်းကန်ထုတ်ကာ လေထီးဖြင့် ဆင်းသက်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပိုင်နက်ဝေဟင်အတွင်းသို့ မှားယွင်းဝင်ရောက်လာ သည့်တိုင်အောင် ခြိမ်းခြောက်ခံရမှုမှန်သမျှကို မိမိတို့ အနေဖြင့် လက်တုံ့ပြန်မည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး မိုရှေယာလွန်းက ပြောကြားသည်။ **ပီတီအိုင်။**

## နယူးဒေလီရှိ တိရစ္ဆာန်ဥယျာဉ်တွင် ကျားဖြူတိုက်ခိုက်မှုကြောင့် လူငယ်တစ်ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီရှိ တိရစ္ဆာန်ဥယျာဉ် တစ်ခုတွင် ထိန်းသိမ်းမွေးမြူထားသော ကျားဖြူတစ်ကောင် ၏ ရန်မူတိုက်ခိုက်မှုကြောင့် ကျောင်းသားလူငယ်လေးတစ်ဦး သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၂၂ နှစ်အရွယ် လူငယ်လေးတစ်ဦးသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ကျားလှောင်ကန် ခြံဝင်းအတွင်းသို့ လိမ့်ကျသွားခဲ့ပြီးနောက် ကျားဖြူတစ်ကောင် ၏ ရန်မူတိုက်ခိုက်မှုနှင့် တွေ့ကြုံခဲ့ရကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားကြသည်။

ကျားဖြူကို လှောင်ထားသည့် လှောင်ကန်၏တံတိုင်း မှာ မြင့်မားခြင်းမရှိဘဲ လူအများစောင့်ကြည့်နိုင်သည့်နေရာ နှင့် လှောင်ကန်အကြားတွင် ရေခန်းခြောက်နေသည့် ကျုံး တစ်ခုရှိကြောင်း၊ လူငယ်လေးသည် လှောင်ကန်၏ တံတိုင်း နံရံကိုမှီရာမှ အရှိန်လွန်ကာ လိမ့်ကျခဲ့ပုံရပြီး လှောင်ကန် အတွင်းသို့ ရောက်ရှိသွားခဲ့ကြောင်း၊ ကျားဖြူက လူငယ် လေးကို ၁၅ မိနစ်ခန့် စိုက်ကြည့်နေခဲ့ပြီး အနီးအပါးရှိ လူများနှင့် လုံခြုံရေးအစောင့်များက ကျားဖြူကို ခဲများဖြင့် ပစ်ပေါက်ကာ ခြောက်လှန့်သည့်အချိန်တွင် ကျားဖြူ၏ ကုတ်ဖဲ့တိုက်ခိုက်မှုဖြစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားကြသည်။

လုံခြုံရေးအစောင့်များ ရောက်ရှိလာချိန်မှာ နောက်ကျ ခဲ့ခြင်းကြောင့် အချိန်မီ ကယ်တင်ပေးနိုင်ခြင်းမရှိကြောင်း ဝေဖန်မှုများ ပေါ်ထွက်လာခဲ့သည်။ **ပီတီအိုင်။**

❖စာမျက်နှာ ၆ မှ

ကျန်ရှိသော ကြွေးမြီတစ်ဝက်ကို ၁၅ နှစ်အတွင်း အရစ်ကျ ပြန်လည်ပေးဆပ်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ဂျာမနီနိုင်ငံသည် ဂျပန်နိုင်ငံပြီးလျှင် ထောက်ပံ့ကူညီမှု ဒုတိယအများဆုံးပေးအပ်လျက်ရှိသည့် နိုင်ငံလည်းဖြစ်သည်။ ဂျာမနီသို့ရောက်ရှိခဲ့ချိန် သမ္မတကြီးသည် Wind Park သို့ သွားရောက်ကာ လေအားလျှပ်စစ်ထုတ်လုပ်နေမှုများကိုလေ့လာပြီး မြန်မာနိုင်ငံ၌ မည်သည့်ဒေသများတွင် လေအားလျှပ်စစ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာကာ လေအားလျှပ်စစ်ထုတ်လုပ်ရေးအစီအစဉ်တစ်ရပ်ရေးဆွဲရန် အတူလိုက်ပါလာသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အသေးစိတ်မှာကြားခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ဘာလင်မှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံသို့ ခရီးဆက်ကြမည်ဖြစ်သည်။ ဘာလင်တံတိုင်းကြီး ပြိုကျခဲ့ပြီးနောက် အကွဲကွဲအပြားပြားဖြစ်ခဲ့ရသော အမျိုးသားညီညွတ်ရေးကို ဂျာမနီနိုင်ငံသားများ ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရသော ဖြစ်စဉ်များမှာလည်း စိတ်ဝင်စားစရာကောင်းသလို သင်ခန်းစာယူစရာလည်း ကောင်းလှပေသည်။ ဂျာမနီနိုင်ငံ အင်အားကြီးလာခြင်းမရှိစေရန် ကန့်သတ်ထိန်းချုပ်မှုများအကြားမှ ရုန်းထရှင်သန်လာစေခဲ့သော အခြေခံအကြောင်းတရားမှာ အမျိုးသားညီညွတ်ရေးပင်ဖြစ်သည်။ အယူဝါဒမတူကွဲပြားမှုကြောင့် နိုင်ငံနှစ်နိုင်ငံကွဲထွက်ခဲ့ရသည်အထိ ပြိုကွဲခဲ့သော ညီညွတ်ရေးကို ဖက်ဒရယ်စနစ်ဖြင့် ပေါင်းစည်းနိုင်ခဲ့ပြီဖြစ်သည်။ ဥရောပသမဂ္ဂတွင် ဗြိတိန်၊ ပြင်သစ်စသည်တို့မှာ နိုင်ငံရေးအရ ဩဇာကြီးမားနေဆဲဖြစ်သော်လည်း ယူရိုငွေကြေးကို ကျားကန်ပေးထားသော ဂျာမနီ၏အခန်းကဏ္ဍမှာ တဖြည်းဖြည်းချင်းကြီးမားလာနေကြောင်း တွေ့ရှိနိုင်သည်။ ဂျာမနီနိုင်ငံသားတို့၏ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ပြင်းထန်မှု၊ စည်းကမ်းရှိမှု၊ အလုပ်ကြိုးစားမှုတို့ကြောင့် ကမ္ဘာ့ဇာတ်ခုံတွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ခြင်းလည်းဖြစ်သည်။

ယနေ့တိုင် ချန်ထားရစ်သော ဘာလင်တံတိုင်း အပိုင်းအစအချို့သည် မျိုးဆက်သစ်ဂျာမနီလူငယ်များအား ညီညွတ်ရေးအကြောင်း အသံတိတ်ပြောကြားနေသည်ဟု ဂျာမန်မိတ်ဆွေအချို့က ဆိုကြသည်။ အမျိုးသားညီညွတ်ရေးပြိုကွဲလျှင် ကမ္ဘာ့အလယ်တွင် မည်သည့်အခြေအနေ ဆိုက်ရောက်မည်ကို ဘာလင်တံတိုင်းက ပြောပြနေသည်ဟု ဆိုသည်။ နှစ်နိုင်ငံပေါင်းစည်းလျှင် ဘာလင်ကို တစ်ခုတည်းသော မြို့တော်အဖြစ် သတ်မှတ်ရန် မူလကတည်းကပင် ကြိုတင်ရည်စူးထားခဲ့ကြသည်ဟုလည်း သိရှိရသည်။ ဂျာမနီနိုင်ငံသားများသည် ပထမကမ္ဘာစစ်ကိုဆင်နွှဲခဲ့သလို ဒုတိယကမ္ဘာစစ်ကိုလည်း ဦးဆောင်ဆင်နွှဲခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပွဲအပြီး စစ်ရှုံးနိုင်ငံအဖြစ် ရုန်းကန်ခဲ့ရချိန်တွင် စစ်အေးတိုက်ပွဲကြီးကို ကြုံတွေ့ရင်ဆိုင်ရကာ နိုင်ငံနှစ်ခြမ်းပြန်းပြန်းကွဲခဲ့ရသည်။ ယင်းနောက် စစ်အေးတိုက်ပွဲကို ဘာလင်တံတိုင်းပြိုကျခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့ပြီးနောက် နိုင်ငံတည်ဆောက်ရေးကို တစ်မှပြန်လည်စတင်ခဲ့ရသည်။ ဥရောပရှိ အခြားသောနိုင်ငံများနှင့်မတူခြားနားသော သမိုင်းကြောင်းရာဇဝင်နှင့် အသွင်ကူးပြောင်းမှုများစွာကို ဖြတ်သန်းခဲ့ရသည်။ ဤသို့သော အတွေ့အကြုံများ၊ ဖြတ်သန်းမှုများက သမ္မတကြီး၏ခရီးစဉ်အပေါ် အရိပ်ပမာထင်ဟပ်နေသည်ဟု ခံစားမိသည်။ ကမ္ဘာ့ဇာတ်ခုံပေါ် မကြာခဏတက်လာလိုက်၊ မကြာခဏပြုတ်ကျသွားလိုက်နှင့် အနိမ့်အမြင့် သံသရာကို ကျွမ်းထိုးမှောက်ခုံ ကြုံတွေ့ခဲ့ရသော ဂျာမနီနိုင်ငံသည် ဘာလင်တံတိုင်းကို ဖြိုချ၊ တစ်နိုင်ငံတည်းပေါင်းစည်းလိုက်ကြပြီး ပြင်းပြင်းထန်ထန်ရုန်းကန်လှုပ်ရှားခဲ့သော ဂျာမနီသည် ယနေ့ ၂၁ ရာစုတွင် ဥရောပမှပါဝါကြီးတစ်ခုဖြစ်လာနေပြီဖြစ်သည်။ ဘာလင်တံတိုင်းကပြောသော အမျိုးသားညီညွတ်ရေးသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအတွက် မမေ့အပ်သော သင်ခန်းစာများပင် ဖြစ်ပါလိမ့်မည်။ ။

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများစားသုံးရာတွင် အန္တရာယ်ကင်းစေရေးနှိုးဆော်ချက်

လူတို့ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသောဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့်ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် လတ်တလောတွင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်းတို့ဖြစ်ပေါ်လာနိုင်ပြီး နောက်ပိုင်းတွင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်း စသည်တို့ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသော သစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်ထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလိုးမဖြတ်ခင်ရေသန့်သန့်နှင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ချက်ပြုတ်စားသုံးခြင်း၊ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးခြင်း၊ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို စားသုံးခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**တပ်ကုန်း စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဇော်သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ်တွင် ဖွင့်လှစ်မည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၉၂)

ပြည်သူ့ခေတ် ဂျာနယ်ကို အတွဲ (၁)၊ အမှတ် (၁) မှ အတွဲ (၅)၊ အမှတ် (၁၂၄) အထိ၊ [ ၇၊ ၇၊ ၂၀၁၀ မှ ၁၀၊ ၉၊ ၂၀၁၄ ] အထိ စီစဉ် ထုတ်လုပ်လာခဲ့သည့် [ ဖေမြင့်၊ မော်လင်း၊ မျိုးညွန့်၊ ကိုရဲ၊ ဝင်းချို၊ ဆရာအာသာ ] တို့ ပါဝင်သော မူလ အယ်ဒီတာ အဖွဲ့သည် ယခင် ပြည်သူ့ခေတ်တွင် ချမှတ် ထိန်းသိမ်း ဆောင်ရွက်လာခဲ့သည့် ***နိုင်ငံရေးဆိုင်ရာ မူဝါဒနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒများကို ပို၍ စူးရှပီပြင်စွာ အကောင်အထည်ဖော်မည့် နိုင်ငံရေးဂျာနယ်သစ်*** တစ်စောင်ကို ယခု အပတ်မှ စတင်၍ ထုတ်လုပ် ဖြန့်ချိလိုက်ပါပြီ။

MYANMAR PROPERTY

မြန်မာ့ နိုင်ငံရေး - မြန်မာ ပြည်သူ့အရေး ဂျာနယ်

[ ပြည်သူ့အရေး ကို အလေးထားသူတိုင်း ဖတ်ရှုအားပေးရုံမက ကိုယ်တိုင်ကိုယ်ကျ၊ ပါဝင် ဆွေးနွေး ရေးသား ပေးကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ ]

**လိပ်စာ – အမှတ် – ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ဝ၉ ၇၃ ၂ဝ ၂၄၁၁၊ ဝ၉ ၄၃၁၆၁ဝ၁ဝ**

E-mail ; pyithuayay2014@gmail.com

အနုပညာ

# တာချီလိတ်မြို့နယ်တွင် ကဖင်းနှင့် အနံ့ဆေးရည်များ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အမှတ်(၃၀) မူးယစ်တပ်ဖွဲ့စု တာချီလိတ် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်နှင့် ပူးပေါင်း၍ စက်တင်ဘာ ၂၁ ရက်က တာချီလိတ်မြို့ ဟွေရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာချီလိတ်ဘက်မှ မိုင်းဆတ်ဘက်သို့ မောင်းနှင်လာသည့် YGN (4G-5210) Toyota 4 Wheel အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က လိုက်လံဖမ်းဆီးရာ စစ်ဆေးရေးစခန်းနှင့် တစ်မိုင်ခန့်အကွာ တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းမပေါ်တွင် သေနတ်ဖြင့် ပစ်ခတ်ရန် ချိန်ရွယ်သဖြင့် ရဲတပ်ဖွဲ့က ပစ်ခတ်ခဲ့ရာ မော်တော်ယာဉ်ကို လေးချက်ထိမှန်ခဲ့ပြီး ယာဉ်ပေါ်ပါလူနှစ်ဦးမှာ လျှိုအတွင်းသို့ ထွက်ပြေးသွား၍ မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်းမှ ကဖင်း ၃၂ ကီလိုနှင့် အနံ့ဆေးရည် ၆၀ လီတာကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းနှင့် တရားခံဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



# ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဘိန်း ကိုးမှု (အလေးချိန် ၁ ဒသမ ၉၄၅၂ ကီလို)၊ ဘိန်းဖြူ ၆၁ မှု (အလေးချိန် ၁ ဒသမ ၄၀၆၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ မှု (ဆေးပြားအရေအတွက် ၆၆၀၀၀ ပြား)၊ အဆင့်နိမ့်ဘိန်း ရှစ်မှု (အလေးချိန် ၁ ဒသမ ၅၀၆၃ ကီလို)၊ ဘိန်းဆီခဲ နှစ်မှု (အလေးချိန် သုည ဒသမ ၁၆၅၇ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် အလေးချိန် သုည ဒသမ ၀၀၀၃ ကီလို၊ အိုက်စ် သုံးမှု (အလေးချိန် သုည ဒသမ ၀၁၆၁ ကီလို)၊ ဆေးခြောက် ကိုးမှု (အလေးချိန် ၅၁ ဒသမ ၂၆၆၈ ကီလို)၊ ဘိန်းဆီရည် တစ်မှု (သုည ဒသမ ၁၈၅ လီတာ)၊ အက်တက်စီ နှစ်မှု (ဆေးပြားအရေအတွက် ၃၉၅၃ ပြား)၊ ကဖင်း တစ်မှု (အလေးချိန် ၃၈ ဒသမ ၃၀၄ ကီလို)၊ အက်ဖီဒရင်း ၁၁ကီလို၊ ကတ်တမင်း သုည ဒသမ ၉၂၁ ကီလို၊ ဆူဒိုအက်ဖီဒရင်း သုံးမှု (ဆေးပြားအရေအတွက် ၂၆၉၀၀၀၀ ပြား)၊ ဘိန်းရည် တစ်မှု (သုည ဒသမ ၁၇ လီတာ)၊ ဘိန်းစာမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၀၅ ကီလို) အမှုပေါင်း ၁၆၃ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၁၉၁ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၂၂၃ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အမှတ် (၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ရက်က နောင်ချိုမြို့ အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ ကျောက်မဲဘက်မှ နောင်ချိုဘက်သို့ မောင်ခန့် မောင်းနှင်ပြီး မောင်လင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ သိမ်းဆည်းရမိသဖြင့် မောင်ခန့် (၃၈)နှစ်နှင့် မောင်လင်း (၄၅)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**(ရဲပြန်ကြား)**

# ကျောက်တံခါးမြို့နယ် အမြန်လမ်းတွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ကျောက်တံခါး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမြန်လမ်းတွင် မော်တော်ယာဉ်များဖြင့် တရားမဝင်သစ်များ ခိုးထုတ်သယ်ယူနေကြောင်း သတင်းအရ ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ ဦးစီးအရာရှိ ဦးသက်ဝေ၊ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦး၊ တောအုပ်ကြီး ဦးမောင်သိန်းနှင့် သစ်တောဝန်ထမ်းများသည် စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲက ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ် (၉၀/၀)ရေအေးရွာအနီးတွင် ယာဉ်အမှတ် D/. . . . ခြောက်ဘီးနီညိုရောင်ကို မောင်းနှင်လာသည့် ယာဉ်မောင်း ဝင်းသန်း (၄၀)နှစ် ပဲခူးမြို့နေသူ၏ ယာဉ်ပေါ်တွင် ကညင်ခွဲသား အချောင်း ၄၀ (၂ ဒသမ ၉၃၁၈ တန်)၊ သင်္ဂဒူခွဲသားအချောင်း ၆၀ (၄ ဒသမ ၁၄၈၀ တန်) စုစုပေါင်း ၇ ဒသမ ၀၇၉၈ တန်တို့ကို တွေ့ရှိ၍ သစ်ပိုင်ရှင်များကို စုံစမ်းရာ ဦးဝင်းသန်း၊ ဦးဉာဏ်တင့်၊ ဦးမြင့်ဌေး၊ ဦးကျော်နိုင်မြင့် ရေအေးရွာ ကျောက်တံခါးမြို့နယ် နေသူတို့၏ သစ်များဖြစ်ကြောင်း သိရပြီး အဆိုပါယာဉ်အား သစ်တောစစ်ဆေးရေးစခန်း (Check Point)သို့ သယ်ယူလာခဲ့ပြီး ကျောက်တံခါးမြို့နယ် တရားရုံးတွင် သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်တို့အား အမြန်ဆုံး တရားစွဲတင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ခင်ကို(ကျောက်တံခါး)**


## ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(၁၇)၊ အခန်း(၆)၊ ၃လွှာ(ခေါင်းရင်းခန်း)နေ ဒေါ်ခင်အေးမြင့်[၇/လပတ(နိုင်)၀၈၃၀၅၃]နှင့် အများသိစေရန်ကြေညာခြင်း

ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက်၊ မဟာဗန္ဓုလလမ်းတွင် တည်ရှိသော အကွက်အမှတ်(၄၀)၊ ဦးပိုင်အမှတ်(၂၈ᵃ)၊မြေဧရိယာ(၀. ၁၆၁)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အာစီ(RC)၊ နှစ်ထပ်တိုက်အိမ်တစ်လုံး၊ အိမ်သုံးမီတာတစ်လုံး၊ တယ်လီဖုန်းတစ်လုံးနှင့် ရေစက်တို့မှာ ဖခင်ဦးလှငြိမ်း၊ မိခင်ဒေါ်စိန်စိန်တင့်တို့၏ သားသမီးများအားလုံး အမွေဆက်ခံခွင့်ရှိသည့် အမွေဆိုင်ပစ္စည်းများ ဖြစ်ပါသည်။ ယင်းအမွေဆိုင်ပစ္စည်းများအား ဦးလှငြိမ်း၊ ဒေါ်စိန်စိန်တင့်တို့၏သမီးဖြစ်ပြီး အမွေဆိုင်တစ်ဦးဖြစ်သော ဒေါ်စုစုမာ၏သဘောတူညီမှုမရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အပေါင်လက်ခံခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ အာမခံထားခြင်း၊ အာမခံ လက်ခံခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ၁၃-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ အမှတ်(၃)တွင် ဖော်ပြ၍ အသိပေးကြေညာထားပြီး ဖြစ်ပါသည်။

ထိုသို့သတင်းစာတွင် ကြေညာပြီးသည့်နောက် ၁၉-၈-၂၀၁၄ရက်စွဲပါ ဒေါ်ခင်အေးမြင့်၏ လွှဲအပ်ချက်အရ အထက်တန်းရှေ့နေ ဒေါ်မြမြလွင်က အထက်ဖော်ပြပါ နေအိမ်နှင့် ခြံမြေအား ၂-၈-၂၀၁၄ရက် ဒေါ်စိန်စိန်တင့် မကွယ်လွန်မီက ဒေါ်ခင်အေးမြင့်မှ ငွေကျပ်သိန်း(၃၈၀)ဖြင့် ငွေအပြေအကျေ ပေးချေဝယ်ယူပြီးကြောင်း အကြောင်းကြားစာပေးပို့ပြီး နေအိမ်နှင့်ခြံမြေကို ၂-၉-၂၀၁၄ရက်တွင် လက်ရောက်ပေးအပ်ရန် ဒေါ်စုစုမာကိုတောင်းဆိုထားပါသည်။ ယခုအခါတွင် အထက်ပါ ဖော်ပြထားသည့် နေအိမ်ခြံမြေနှင့်ပတ်သက်ပြီး ဒေါ်စိန်စိန်တင့်၏ အမွေခံသားသမီးများ အကြားတွင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းများ ဖြစ်ပေါ်နေပြီးဖြစ်ပါသည်။ ဒေါ်ခင်အေးမြင့်က ဒေါ်စိန်စိန်တင့်ထံမှ နေအိမ်နှင့်ခြံမြေကို ဝယ်ယူသည်ဆိုသည့်နေ့စွဲမှာ ဒေါ်စိန် စိန်တင့် လွန်စွာကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတွင် တက်ရောက်ကုသနေရသည့်ကာလ ဖြစ်သည့်အပြင် ထိုသို့ ဆေးကုသနေဆဲကာလအတွင်း၌ ဒေါ်စိန်စိန်တင့်မှာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်စိန်စိန်တင့် မကွယ်လွန်မီက နေအိမ်နှင့်ခြံမြေအား ရောင်းချသွားကြောင်းနှင့် ပတ်သက်၍ ဒေါ်စိန်စိန်တင့်၏ အမွေစားအမွေခံဖြစ်သည့် ဒေါ်စုစုမာသည် လုံးဝသိရှိခြင်းမရှိသဖြင့် အရောင်းအဝယ်ကို အသိအမှတ်လုံးဝမပြုပါ။ ဒေါ်စုစုမာသည် ဒေါ်ခင်အေးမြင့်အား အမွေဆိုင် နေအိမ်နှင့်ခြံမြေကို လက်ရောက်ပေးအပ်ရန် တာဝန်မရှိပါ။ ဒေါ်ခင်အေးမြင့် ဖော်ပြထားသည့် ငွေကျပ်သိန်း(၃၈၀)ဆိုသည်မှာ ဒေါ်ခင်အေးမြင့်နှင့် ဒေါ်ပြုံးပြုံးခိုင်တို့အကြား ချေးငှားခြင်းများ ပြုလုပ်ထားသည့် ငွေကြေးများသာဖြစ်ပြီး အထက်ဖော်ပြပါ အမွေဆိုင် နေအိမ်နှင့်ခြံမြေတို့နှင့် တစ်စုံတစ်ရာမျှ ပတ်သက်ခြင်းမရှိပါ။ ဒေါ်ခင်အေးမြင့်နှင့် ငွေချေးသူ ဒေါ်ပြုံးပြုံးခိုင်တို့အကြား ရှင်းလင်းဆောင်ရွက်ရမည့် ချေးငွေကိစ္စများသာ ဖြစ်ပါကြောင်း ဒေါ်ခင်အေးမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ

ဒေါ်စုစုမာ
[၇/လပတ(နိုင်)၁၀၄၈၂၉]
လွှဲအပ်သူ

ဦးမြင့်နိုင်ဦး(**LL.B,C.B.L**)
(စဉ်-၉၂၂၅/၁၃)
တရားလွှတ်တော်ရှေ့နေ
ရှေ့နေများအသင်းရုံးခန်း၊
ဟသ်ာတခရိုင်/မြို့နယ်တရားရုံးဝင်း
အိမ်-အမှတ်(၁၀၅၁)၊ ရေတံခွန်(၂)လမ်း၊
သုံးပင်ကွင်းရပ်ကွက်၊ ဟသ်ာတမြို့။
ဖုန်း-၀၉-၄၅၁၂၄၃၃၈၇၊ ၀၉-၄၉၇၅၄၀၈၁



**NATURAL BREEZE** Travels & Tours

| | | |
|---|---|---|
| ဝန်ကောက် - ပတ္တရား - အယုဒ္ဓယ | ( ၅ည ၆ရက် ) | Oct 9 , Nov 6 , Dec 27 |
| ဟောင်ကောင် - မကာအို | ( ၄ည ၅ရက် ) | Oct 8 , Dec 28 |
| စင်ကာပူ - မလေးရှား | ( ၇ည ၈ရက် ) | Dec 27 |
| ချင်းမိုင် | ( ၃ည ၄ရက် ) | Oct 9 , Nov 4 , Dec 25 |
| ဖူးခက် | ( ၄ည ၅ရက် ) | Oct 9, Dec 25 |
| စင်ကာပူ | ( ၃ည ၄ရက် ) | Oct 9 |

အမှတ်(၁၅) ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

ဦးမောင်လှိုင်၊ ဦးကံမြင့်
နည်းပြ / သရုပ်ပြ ရာထူးများအတွက်
သီးသန့် တန်းခွဲများဖွင့်ပြီ။
အမှတ် ၁၅၉၊ ဒု-ထပ်(ယာ)၊ ၃၈လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊
ဖုန်း- ၀၉၅၀ ၉၃၆၇၄၊ ၀၉ ၇၃၂၄၁၀၅၉

**GOLDEN STAR** Travels & Tours

| | | |
|---|---|---|
| ☆ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး | Oct-3,7 | ကျိုက်ထီးရိုး(နေ့စဉ်) |
| ☆မန္တလေး–ပြင်ဦးလွင်ခရီးစဉ် | Oct-3,7 | ချောင်းသာ (နေ့စဉ်) |
| ☆တောင်ကြီး–အင်းလေး–ပင်းတယ | Oct-3,7 | ငွေဆောင်(သောကြာ) |

၁၅၃-လမ်းထိပ်၊ တာမွေ။ Ph: 209200, 430480, 544383, 703448



စာအုပ်စာပေလူ့မိတ်ဆွေ



## ကျေးဇူးတင်ရှိပါကြောင်း

၁၉-၉-၂၀၁၄ ရက် ညတွင် ပျောက်ဆုံးသွားသော ခွေးလေး ရှာဖွေရာတွင် ကရုဏာအပြည့်နှင့် ကူညီပေးသော Business alliance Hotel မိသားစုမှ General Manager နှင့်တကွ လုံခြုံရေး ဝန်ထမ်းများအားလုံး၊ ဖုန်းနှင့်ဆက်သွယ်ပေးသော အစ်ကိုအား ကျေးဇူးအထူးပင် တင်ရှိပါကြောင်း။ မောင်ရဲမာန်



နန်းဦးလှိုင် (အင်းလေးဖောင်တော်ဦးဘုရားပွဲ)
● အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် အလိုတော်ပေါက်၊ တောင်ကြီး၊ ပွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း(၅)ရက်– ဆက်၍ လှိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။(၃/၇–၁၀– ၂၀၁၄)ထွက်မည်။
● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျောက်ရစ်၊ ကျိုက္ကမီ၊ စက်စဲ(၆)ရက်။ ဆက်၍–မြိတ်(ဘိတ်)ဘုရားစုံဖူး (၈)ရက်။
● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် ဘုရားစုံ (၄)ရက်။ ● ပုဂံဘုရားစုံ ပုပ္ပါး၊ ညောင်ဦး၊ စွယ်တော်လေးဆူ(၄)ရက်။
● ဖော်လပြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ကျိုက်မရော၊ ကျိုက်ထီးရိုး (၃)ရက်။(အပတ်စဉ်သောကြာ)● ကျိုက်ထီးရိုး(နေ့စဉ်)
● မဲလဲဆဲတော်ရှင်၊ ကျောက်ပီရဟန္တာ၊ ကုသိနာရုံ၊ ကေလာသ၊ ကျိုက်ထီးဆောင်း(သောကြာ/စနေ–ည)● ချောင်းသာ(နေ့စဉ်)
✦ အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
✦ အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254821597
✦ အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ ☎01-391577

တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှု ပေးနေသည်မှာ 7Stars ရဲ့အစဉ်အလာ
7stars( ရာထူးဝင်သင်တန်းကြီး )
နည်းပြ / သရုပ်ပြ
မေဂျာစုံ တန်းခွဲအားလုံး ခေါ်ပြီ
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းချွဲလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.49653992



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်စံပြရပ်ကွက်(ကျောက်မြောင်း)၊ မြို့ပတ်လမ်း၊ အမှတ်(၈)၊ ပထမထပ် ပေ(၃၀×၆၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုသူ ဦးမောင်ကို(AE-၂၄၁၈၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ၊ စာချုပ်များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မျိုးသူ (စဉ်-၂၇၈၉၀) အထက်တန်းရှေ့နေ
ဦးသန်းဌေး (စဉ်-၂၈၃၅၅) အထက်တန်းရှေ့နေ

အမှတ်(၅၅)၊ ပထမထပ်၊ အခန်း(၁၅-က)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၉၅၇၉၆၇၊ ၀၉-၇၃၁၈၉၉၃၂

# ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံ ပြောင်းလဲမည်မဟုတ်ဘဲ ကာတာ၌သာ ကျင်းပမည်




၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် ကာတာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုထားသည်။ အဆိုပါ အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံသည် လွန်ကဲသော အပူချိန်ရှိနေခြင်းကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အခြားနိုင်ငံတစ်နိုင်ငံ၌ ကျင်းပရန် ရည်ရွယ်ခဲ့သော်လည်း ယခုတွင်မူ ကာတာနိုင်ငံ၌သာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်ကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယခင်ဂျာမနီဘောလုံးအဖွဲ့ချုပ်အကြီးအကဲတစ်ဦးဖြစ်သူ သီယိုဇွမ်ဇီဂါကမူ ၂၀၂၂ ကမ္ဘာ့ဖလားကို ကာတာနိုင်ငံ၌ ကျင်းပမည်မဟုတ်ဘဲ အခြားနိုင်ငံတစ်နိုင်ငံတွင် ကျင်းပမည်ဟု အစောပိုင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းမှာ ဖီဖာ၏ အာဏာရအမှုဆောင်ကော်မတီအားလုံး၏ သုံးသပ်ချက်ပေးခြင်းမျိုးမဟုတ်ကြောင်း ရိုက်တာသတင်းဌာနနှင့် ပတ်သက်ဆက်နွယ်မှုရှိသော ဖီဖာတာဝန်ရှိသူများက ပြောကြားခဲ့သည့်အပြင် ဇွမ်ဇီဂါသည် ၎င်းတစ်ဦးတည်း အတွေးအခေါ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်း၏ အတွေးအခေါ် အယူအဆနှင့်ပတ်သက်၍ မည်သို့သောဝေဖန်မှုမျိုးမှ လုပ်ဆောင်မည်မဟုတ်ကြောင်း ဖီဖာ၏ပြောရေးဆိုခွင့်ရှိသူ ဒီလီယာဖစ်ချာက ပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အပူချိန်ပြင်းထန်သောအခြေအနေအောက်တွင် ကမ္ဘာ့ဖလားကျင်းပမည်ဆိုပါက ကျန်းမာရေးကိစ္စများကို တာဝန်ယူမည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း ရေနံနှင့်ဓာတ်ငွေ့ကြွယ်ဝသော ကာတာနိုင်ငံကမူ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်ပတ်သက်၍ အအေးပေးနိုင်မည့် နည်းပညာများကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားလာသည်။

ကာတာနိုင်ငံသည် နွေရာသီတွင် အလွန်ပူပြင်းကြောင်း ကာတာနည်းပညာဆိုင်ရာ သတင်းထုတ်ပြန်ချက်များက တိကျရှင်းလင်းစွာ ဖော်ပြလာခြင်းကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် ကာတာနိုင်ငံကို ကျင်းပခွင့်ပြုခဲ့ခြင်းမှာ အမှားတစ်ခုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌဖြစ်သူ ဆပ်ဘလက်တာက ပြောကြားခဲ့သည်။ သို့ရာတွင် ဖီဖာကမူ ဥရောပနှင့် အခြားသောဒေသများ၏ ရာသီဥတုနှင့် အသင့်လျော်ဆုံးကိုက်ညီမှုရှိစေမည့် ရာသီဥတုရှိသည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ သို့မဟုတ်ပါက နိုဝင်ဘာလ၊ ဒီဇင်ဘာလ တို့တွင် ကျင်းပနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ **[နိုင်လင်းကြည်]**

# အာဆင်နယ်နောက်ခံလူ ဒီဘူချီ ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလကြာအနားယူရမည်



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၏ ညာနောက်ခံကစားသမား ဒီဘူချီသည် ခြေချင်းဝတ်ဒဏ်ရာခဲ့စိတ်ကုသမှုခံယူခဲ့ရပြီးနောက် သုံးလခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၉)နှစ် အရွယ်ရှိ နောက်ခံလူ ဒီဘူချီသည် စက်တင်ဘာ ၁၃ ရက်က မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြအာဆင်ဝင်းဂါးအနေဖြင့် ဆောက်သမ်တန်အသင်းမှ ပေါင် ၁၆ သန်းဖြင့်ခေါ်ယူထားသည့် ချမ်ဘာဖြင့် ဒီဘူချီနေရာကို အစားထိုးခဲ့သည်။

ဒေါ့မွန်အား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင်မူ ဘယ်လီရင်အား ဒီဘူချီနေရာတွင် အစားထိုးကစားစေခဲ့သည်။ ဒီဘူချီသည် ၂၀၀၃ မှ ၂၀၁၃ အထိ လိုင်လီအသင်းတွင် ကစားခဲ့ရာ ပွဲပေါင်း ၂၅၈ ပွဲတွင် ၁၆ ဂိုး သွင်းယူပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ရာသီတွင် နယူးကာဆယ်အသင်းနှင့် ၄၆ ပွဲ ကစားကာ တစ်ဂိုးသွင်းယူပေးခဲ့သည့် နောက်ခံလူတစ်ဦးဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး မန်စီးတီးအား အနိုင်ရရှိခဲ့သည့် ကွန်မြူနတီဒိုင်းလုပွဲ အပါအဝင် ခြောက်ပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်သည်။ **[ငွေကြယ်]**

# ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျိုးဟတ်အားခေါ်ယူရန် လီဗာပူးစိတ်ဝင်စား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မန်စီးတီးအသင်း၏ အင်္ဂလန်လက်ရွေးစင်ဂိုးသမား ဂျိုးဟတ်အားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။



လီဗာပူးနည်းပြဖြစ်သူ ဘရန်ဒန်ရော့ဂျာမှာ ယခုနှစ်ဘောလုံးရာသီအတွင်း အသင်းတွင် ပုံမှန်လက်စွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် ဘယ်လ်ဂျီယံဂိုးသမား မစ်ဂနိုလက်၏နေရာတွင် ဂျိုးဟတ်အားအစားထိုးသွားရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ လီဗာပူးအသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်က ဝက်စ်ဟမ်းအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတွင် နောက်တန်းနှင့် ဂိုးသမားအားနည်းချက်ရှိနေသည်ဟု နည်းပြရော့ဂျာ အနေဖြင့် သုံးသပ်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းမှာ ဂျိုးဟတ်အား ဇန်နဝါရီအပြောင်း အရွှေ့ကာလအတွင်း တစ်ပတ်လုပ်ခပေါင် တစ်သိန်း ဝန်းကျင်ဖြင့် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သိရသည်။ **[ကိုရဲ]**

အဝေရာ အမှတ်တံဆိပ်
ဟေ...ဟေလွန်းရင် အဝေရာ
အမောလှိုက် နှလုံးအားတိုးဆေး
ကိုသုံးပါကွယ်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တာဆဝက (တနယ်ဖင်း) ၀၃၆/၀၇၁၄

အဝေရာ အမှတ်တံဆိပ်
အစာမကြေခြင်းအတွက် အဝေရာ
ရှိတယ်...
အဝေရာ ရှိတယ်... အစာကြေဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-006339 (0914)
ပင်ရင်း - အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တာဆဝက (တနယ်ဖင်း) ၀၃၆/၀၇၁၄

သန့်ရှင်းနှင့်ရောင်းရင်းများ ၅ သီတင်းကျွတ်ဘုရားစုံဖူး
✿ ဟန်လင်း၊ အင်းဝ၊ ရွှေဘို၊ စစ်ကိုင်း လမ်းဘုရားစုံ (၄) ရက် လေ့လာရေးခရီးစဉ် (၄၅၀၀၀ိ/-) Sept 26 ထွက်မည်
✿ အင်းလေးဖောင်တော်ဦး၊ တောင်ကြီး ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ၊ ပွေတော်ကဏ္ဍူ (၄) ရက်။
✿ ပုဂံ၊ ပုပ္ပါး (ခွယ်တော် ၄ ဆူ) (ပြည်ငါးပြည်) (၄) ရက်။ ✿ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၄) ရက် အားလုံးပါ (၇/၁၀) ရက်။ ✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆) ရက်။
✿ ဇလွန်၊ နေပြည်တော်၊ ပြည်အကောက်တောင် (တနင်္ဂနွေ/ရုံးပိတ်ရက်)
✿ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (ကျိုက်ထီးရိုး) (၂/၃) ရက်။ Oct - 3/6/7/10
✿ ဘီလင်းမြို့ မဲလံဆံတော်ရှင် (နေ့ချင်းပြန်)၊ ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ Ph : 380141, 241863, 09 43043109, 09 73251422

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ကချင်ပြည်နယ်-မြစ်ကြီးနားမြို့
စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသား အိတ်ဖွင့်လေလံကြော်ငြာအမှတ်-၀၄/၂၀၁၄-၂၀၁၅
၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) ရောင်းချမည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ပုံစံ(၈)ပယ်ကျွန်းသစ်လုံး ၄၁၂ တန်
- ပုံစံ(၈)ကျွန်းဒါးရွေတုံး ၁၀၉ တန်
- ပုံစံ(၈)ကျွန်းခွဲသား ၁၄ တန်
- ပုံစံ(၈)ပိတောက်သစ်လုံး/တိုင် ၂၆ တန်
- ပုံစံ(၈)တမလန်းတိုင်/ဘုံတို ၂၂၉ တန်
(ဂ) ရောင်းချမည့်နေရာ - မန်နေကျွန်း၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့
၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www. myanmar-timber. com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊
မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်

ရွှေယုန်မင်း အမှတ်တံဆိပ်
အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ
အနာပဆုတ်၊ ခူနာ၊ နီနာ၊ ကိန္နရနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံခူ၊ ငါးခူ၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။
ရွှေယုန်မင်း အမှတ်တံဆိပ်
သွေးဆေး
ပျောက်ကင်းနိုင်သောရောဂါများ
ဓမ္မတာမမှန်ခြင်း၊ ထိပ်ကျန်နည်းခြင်း၊ ၎ုပ်ခြင်း၊ ယားယံခြင်း၊ အရေပြားပေါ်တွင် ဖြူ၊ နီ၊ ညို၊ အကွက်များဖြစ်ခြင်း၊ အမည်းကွက်များဖြစ်ခြင်း အသားအရည်ညစ်ခြင်း၊ မီးယပ်ဝမ်းသွားခြင်း၊ မီးဖွားပြီး သွေးသားမသန့်စင်ခြင်း၊ တို့အတွက် သုံးစွဲနိုင်ပါသည်။
အမှတ်(၂၈-၂၉)၊ ဗိုလ်တေဇလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ☎ ၀၁ ၆၉၅၇၁၆၊ ၀၉ ၅၀၂၁၃၇၃

HIGHWAY STAR Travels & Tours Co.,Ltd
ထူးထူးခြားခြား ပျော်ရွှင်စရာများနှင့် Oct (3,5,7) ခရီးစဉ်များ
✦ အတောတ်တောင်၊ ပြည်၊ သရေခေတ္တရာ 30000 Ks
✦ ကျိုက်ထီးရိုး နေ့ချင်းပြန် 30000 Ks
✦ ချောင်းသာ / ငွေဆောင် (အထူးစီစဉ်ပေးသည်)
✦ အင်းလေး၊ တောင်ကြီး၊ 160000 Ks
Discount
Scania . Yutong . Kinglong
Service Guide
အမှတ်(၃၃)၊ ပ-ထပ်၊ မာလာမြိုင်(၆)လမ်း၊ လှိုင်မြို့နယ် facebook :https// www.facebook.com/ Highway Star
09-253241300, 09-250277537, 09-36220108, 09-36220162

# THE ILLUSTRA
AT PHO SEIN




## အကောင်းဆုံး အဆင့်မြင့် မြို့ပြနေထိုင်မှု

အရည်အသွေးမြင့် လက်မှုပညာနှင့် ခန့်ညားကျက်သရေရှိသော နေထိုင်မှုတို့ ပေါင်းဆုံရာ
ဖိုးစိန်လမ်းရှိ The Illustra က ကြိုဆိုပါသည်။
ကိုယ်ပိုင်မြေပေါ်ရှိ ၃၁ ထပ် အဆောက်အအုံတွင် အဆင့်မြင့်ဟိုတယ်၏
အကောင်းဆုံးစည်းစိမ်နှင့် နေအိမ်၏ သက်သောင့်သက်သာရှိမှုတို့ကို ပေါင်းစပ်ခံစားနိုင်ရန်
ဒီဇိုင်းဆင်ဆောက်လုပ်ထားပါသည်။ ရန်ကုန်မြို့၏ ကောင်းမွန်သော နေထိုင်မှုဘဝအတွက် ခိုင်မာသေချာသည့်
စံချိန်စံညွှန်းများနှင့် သင်ယုံကြည်မျှော်လင့်နိုင်မည့် အကောင်းဆုံးအရာဖြစ်ပါသည်။




အရောင်းဖွင့်ပွဲ အစီအစဉ်

PSWN သည် ရန်ကုန်မြို့တော်၏ အထင်ကရ မှတ်တိုင်သစ်တစ်ခုအဖြစ်
ဖိုးစိန်လမ်းရှိ **The Illustra** ကို ဂုဏ်ယူဝံ့ကြွားစွာ မိတ်ဆက်လိုက်ပါသည်။

## အရောင်းပြခန်းနှင့် အခန်းနမူနာ

အမှတ် (၃၊ ၄၊ ၅) မြေညီထပ်၊ တိုက်အမှတ် (D/E)
ရွှေမြယာအိမ်ရာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အရောင်းပြခန်း ဖွင့်ချိန်

နေ့စဉ် နံနက် (၁၀) နာရီမှ ည (၈) နာရီအထိ

## စုံစမ်းမေးမြန်းရန်

၀၉ ၂၅၄၄၇၇၆၃၃ ၀၁ ၂၀၆၄၃၁
၀၉ ၂၅၄၄၇၇၆၄၄ ၀၁ ၂၀၆၄၃၂

*A Prestigious Development By:*
PSWN
PSWN Development Company Limited

International Partners:
DPA DP ARCHITECTS
MEINHARDT
RHLB (Myanmar) Ltd.
ASIAN ACRE ADVISORS

Marketing Partner:
ERA REAL ESTATE

# ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်



**မကွေး၊ စက်တင်ဘာ ၂၃**

မကွေးမြို့၏ အဓိကမီးပွိုင့်တစ်ခုဖြစ်သော ပြည်တော်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရာနေရာ၌ ယာဉ်အသုံးပြုရေးလွယ်ကူချောမွေ့စေ... ယာဉ်အသုံးပြုရေရိယာ ပိုမိုကျယ်ဝန်းလာစေရန်နှင့် မီးပွိုင့်မိနေသူများ အရေးကြီးကိစ္စများတွင် အသုံးပြုနိုင်ရန်အတွက် ကတ္တရာလမ်း တိုးချဲ့ခြင်း၊ လက်ယာကပ် အနောက်ကွေ့ Free pass လမ်းတစ်ခု ဖောက်လုပ်ခြင်းလုပ်ငန်းများအား မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးမြို့၊ ပြည်တော်သာလမ်းမကြီးရှိ မူလကတ္တရာလမ်းအကျယ် ၃၀ ပေအား ကတ္တရာလမ်းတစ်ဖက်လျှင် ၆ ပေအကျယ် လမ်းသားချဲ့ထွင် ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးပါက နှစ်လမ်းမောင်းလမ်းမကြီးအတွင်း လမ်းတစ်ဖက်လျှင် ၂၁ ပေအကျယ် အသုံးပြုနိုင်ကာ ကားရှေ့၌ ဆိုင်ကယ်များပိတ်နေခြင်း၊ ကားကျော်တက်လျှင် ဆိုင်ကယ်များ လမ်းဘေးနှုတ်ခမ်းသားနှင့် မြေသားချိုင့်ခွက်များထိ ဘေးကပ်ပေးရခြင်းတို့ကြောင့် ကြုံတွေ့နိုင်သော ယာဉ်မတော်တဆဖြစ်မှုများအား ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လက်ယာကပ်အနောက်ကွေ့ Free pass လမ်း ဖောက်လုပ်ပြီးစီးပါက ယာဉ်အသုံးပြုပြည်သူများ၏ အရေးပေါ်ကိစ္စများ၌ မီးပွိုင့်မိနေ၍ ကြုံတွေ့ရသော အချိန်အဟန့်အတား တစ်ခုကို လွယ်လင့်တကူဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ Free pass လမ်းတစ်ခု ဖောက်လုပ်ခြင်း လုပ်ငန်းများအား စက်တင်ဘာလဆန်းမှစတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလကုန်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကတ္တရာလမ်းသားတိုးချဲ့ခြင်း၊ Free pass လမ်းပိုင်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်ကွန်ကရစ်တံတား ၂၅×၅ပေ တည်ဆောက်ခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၂၅၃၀၀၀၀ အကုန်အကျခံ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဇေယျာတု(မကွေး)**

# တောင်ကြီးမြို့တွင် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း နည်းပြသင်တန်း အမှတ်စဉ်(၁၈/၂၀၁၄) ဖွင့်လှစ်

**တောင်ကြီး၊ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း အမှတ်စဉ် (၁၈/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစပ်အောင်မြတ်တို့ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစပ်အောင်မြတ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်တို့က လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်းကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထောက်ပံ့ငွေများပေးအပ်ရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ငွေများပေးအပ်ရာ တောင်ကြီးခရိုင်မှ တာဝန်ရှိသူတစ်ဦးက လက်ခံ၍လည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစပ်အောင်မြတ်က ထောက်ပံ့ငွေများပေးအပ်ရာ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဖက်ဆိုင်ရာအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိအုပ်ချုပ်ရေးမှူးများနှင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ခရိုင်များမှ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အားကစားအသင်း အောင်နိုင်ရေး အလှူငွေပေးအပ်

**မော်လမြိုင်၊ စက်တင်ဘာ ၂၃**

မွန်ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်လာရေးနှင့် အားကစားအဆင့်အတန်းမြင့်မားလာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲဝင် မွန်ပြည်နယ်အသင်းအား အောင်မြင်စွာ ပြည်နယ်ဂုဏ်ဆောင်နိုင်ရေးအတွက် အလှူငွေ ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ရာမညအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် အလှူငွေပေးအပ်ခြင်းကို ဆောင်ရွက်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲဝင် မွန်ပြည်နယ်အသင်းအတွက် ငွေကျပ်သိန်း ၂၀ ကို I.B.C.T ကုမ္ပဏီမှ ဦးအောင်မိုးကျော်က လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်မင်းအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

"မွန်ပြည်နယ်အားကစားတိုးတက်ဖို့အတွက် I.B.C.T ကုမ္ပဏီက နှစ်စဉ်လှူနေကျပဲ။ လှူရကျိုးနပ်အောင် အားကစားသမားတွေကလည်း အောင်မြင်မှုရအောင်လုပ်ဖို့လိုတယ်"ဟု တက်ရောက်လာသူတစ်ဦးက ပြောသည်။

**ဆက်နေမင်းအောင်**

# တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး ကွင်းဆင်းကြည့်ရှု

**ခင်ဦး၊ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် စိတ်ပါဝင်စားသူများ တစ်ပိုင်တစ်နိုင်ငါးမွေးမြူနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်မြင့်၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာသန်းနိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာလှလှပြုံးတို့က စက်တင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိကန်ကို သရုပ်ပြရန်ရွေးချယ်ခဲ့ပြီး တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးကန်ကို အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၅ ပေရှိ ကန်အရွယ်အစားကို ငါးများထည့်သွင်းမွေးမြူခြင်းဖြင့် ဒေသအတွင်း ငါးစားသုံးမှုဖူလုံစေရေးနှင့် စိတ်ပါဝင်စားသူများ လေ့လာနိုင်ရန်အတွက် သရုပ်ပြကန်ရွေးချယ်၍ ၎င်းကန်တွင် ငါးမျိုးအခမဲ့စိုက်ထည့်ပေးကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်မြင့်က ပြောသည်။

**ခင်ဦးစိုးဝေ**

# မော်လိုက်မြို့တွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့

**မော်လိုက်၊ စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ပေးသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ် ထပ်ဆင့်ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မော်လိုက်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ နာယကကိုယ်စား ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဇံက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိပုဂ္ဂိုလ်တို့မှ ပညာသင်စရိတ်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူတို့က လက်ခံရယူခဲ့ပြီး ယင်းပေးအပ်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၆ ဦးအတွက် ထောက်ပံ့ငွေ ၃၉၅၀၀၀ ကျပ်တိတိ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်ပွား(မော်လိုက်)**

**မိခင်အမည်မှန်**

သထုံမြို့၊ အထက(၂)၊ ဒသမတန်း(င)မှ မသဇင်ဦးနှင့်ဆဌမတန်း(E)မှ မထက်ထက် တို့၏ မိခင်အမည်မှန်မှာဒေါ်စန်းစန်းမြင့် [၁၀/သထန(နိုင်)၀၄၈၉၁၇]ဖြစ်ပါကြောင်း။
ဒေါ်စန်းစန်းမြင့်[၁၀/သထန(နိုင်)၀၄၈၉၁၇]

**မိခင်အမည်မှန်**

သထုံမြို့၊ အထက(၂)ဒသမတန်း(င)မှ မောင်ထက်နိုင်ဦးနှင့် အဌမတန်း(B)မှ မဇွန်မေဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အုန်း [၁၀/သထန(နိုင်)၀၀၀၃၄၄]ဖြစ်ပါကြောင်း။
ဒေါ်ခင်အုန်း[၁၀/သထန(နိုင်)၀၀၀၃၄၄

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ယမုံနာ-၂)၊ မြေကွက်အမှတ်(၅၆)၊ မြေကွက်တည်နေရာအမှတ်(၅၆)မြို့မလမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးအောင်သောင်း)]၁၂/ဒပန(နိုင်)၀၁၇၃၁၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သောင်း(ဖခင်)နှင့် ဒေါ်တင်လှ(မိခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသောဒေါ်မြင့်သန်း[ ၁၄/ဘကလ(နိုင်)၀၉၂၂၄၂]၊ ဒေါ်သန်းသန်းဝင်း[၁၂/ဒပန(နိုင်)၀၁၇၃၁၆]၊ ဦးလှအောင်[၁၂/ဒပန(နိုင်)၀၁၇၄၄၀]၊ ဦးစိန်သောင်း [၁၂/ဒပန(နိုင်)၀၁၇၃၁၇]၊ ဒေါ်စန်းစန်းနိုင်[၁၂/ဒပန(နိုင်)၀၁၇၃၁၈]၊ ဒေါ်သန်းသန်းထွေး[၁၂/ဒပန(နိုင်)၀၀၉၆၁၈](ကွယ်လွန်သူ)သား ဦးအောင်ကြိုင်လွင်၏ဇနီး၊ ဒေါ်စန်းစန်းနွယ်[၁၂/ဒပန(နိုင်)၀၄၃၆၇၃]တို့က ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများတင်ပြ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)ကဘ၊ မြေကွက်အမှတ်၇/န၊ မြေကွက်တည်နေရာအမှတ်(၅၀/၅၁)သုရသတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်မြကြည်)အမည်ပေါက်အယ်လ်နှစ်(၃၀)ဂရန် အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်(၉-၅-၁၉၈၉)ဖြင့် ဦးဟန်ကြည်မှ ဝယ်ယူပိုင်ဆိုင်လာပါသည်။ ဖခင်ဦးဟန်ကြည်နှင့်မိခင် ဒေါ်ခင်မြတ်မော်တို့ ကွယ်လွန်သဖြင့် ကျန်ရစ်သူသားသမီးများဖြစ်ကြသည့် ဦးမိုးထွဋ်ဟန်၊ ဒေါ်သာမာဟန်၊ ဦးမင်းထွဋ်ဟန်တို့မှ (တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ်၆၁/၂၀၁၃ဖြင့်ပဋိပညာဉ်အတိုင်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်မြကြည်အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်၁၁/၂၀၁၄ဖြင့် တရားရုံးကိုယ်စားတရားရုံးမှဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူဒေါ်ဦးဆန်းရီ(ဘီလစ်)[၁၁/ကတန(နိုင်)၀၀၀၆၇၄]မှ တရားရုံးဒီကရီအထောက်အထားများတင်ပြ၍ အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အိမ်အမှတ်( ၃၈ )အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၆-အေ°) မြေကွက်အမှတ်( ၁၅၄ )၊ ဧရိယာ( ၀. ၀၂၉ )ဧကရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိအိမ်အမှတ်(၃၈)၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ဟုခေါ်သောအဆောက်အအုံ ကိုတရားဝင်အမည်ပေါက်ကာ လက်ရှိထားပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသူ-(၁)ဦးဝင်းဇော်( ၁၂/ကမတ(နိုင်) ၀၄၅၀၇၄) နှင့် (၂)ဒေါ်လှလှဝင်း(ခ)နန်းစင်( ၁၃/တကန(နိုင်)၀၆၂၀၄၁ )တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးသန့်ဇင် ( LL-B ) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09-731 70516

ဒေါ်ဟန်နွေနိုင် ( LL-B ) အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) Ph-09-4200 73685

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 )၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၆/က)၊ မြေကွက်တည်နေရာအမှတ်(၂၆/က)၊ (၁)လမ်း၊ (၁၅)ရပ်ကွက်၊ ဦးသန်းစိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းစိန် ကွယ်လွန်သဖြင့် ဒေါ်ခင်မြင့်(၁၂/ဥကတ(နိုင်)၀၉၂၁၃၂)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်-၂၁၀(က)၊ မြေကွက်တည်နေရာအမှတ် ၂၁၀-က၊အောင်ဆုပန်လမ်း၊ ဒဂုံတောင်မြို့နယ်၊ ဦးခင်မောင်သိန်း[၁၂/မရက(နိုင်)၀၇၀၁၈၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်သိန်းကွယ်လွန်သဖြင့် ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်ဝင်းကြည်(ISN-၅၄၅၅၃၄)၏(G.P)၁၉၉၅၄/၂၄-၇-၂၀၁၄ရသူ ဒေါ်သန်းသန်းဆင့်က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ ဂျီ)၊ မြေကွက်အမှတ်(၇၄အေ/၂အေ)၊ မြေကွက်တည်နေရာအမှတ်(၁၂၂)၊ -သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်လှမြင့် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်လှမြင့်[၁၂/တမန(နိုင်)၀၀၉၆၆၁]က အမည်ပေါက် စာချုပ်ဖြစ်သော စွန့်လွှတ်စာချုပ်(၃၆၉/၉၇)နှင့် အမှားပြင်စာချုပ်အမှတ်(၄၀၃၄/၂၀၀၁)စာချုပ်စာတမ်းရုံး (လက်ခံအမှန်)တို့ တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၉၂၁/၅-၉-၂၀၁၂ရသူ ဦးကိုကိုဦး[၁၂/လသန (နိုင်)၀၁၀၃၃၁]မှ Power မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မှတ်တမ်းထားရန်မြေပုံကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၂၅)၊ မြေကွက်တည်နေရာအမှတ်(၂၂၅)၊ (၂၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဦးအောင်ခိုင် အမည်ပေါက်၊ ပါမစ်မြေအားအမည်ပေါက် ဦးအောင်ခိုင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ ထားသူဒေါ်ကျင်ထွေး(S/OKA-၀၆၉၀၆၀) ဒေါ်မြင့်မြင့်သန်း[၁၂/ဥကတ(နိုင်)၀၈၀၆၇၅]၊ ဒေါ်ခင်မာတင်[၁၂/ဥကတ(နိုင်)၀၈၆၅၀၉]တို့ ကပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ် (၆၀)ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေးမုံ



ဖတ်စရာ

# ဆီမီးပူဇော်ပွဲ သီတင်းကျွတ်လမှာနဲ့

**à a&Wbf/G**

မိုးလေကင်းလွတ်သည့် သီတင်းကျွတ်လသို့ရောက်သော အခါကာလမှ ထိမ်းမြားလက်ထပ်ခြင်းများ ပြုကြလေသည် . . .

မြန်မာတို့၏ ၁၂ လရာသီထဲတွင် သီတင်းကျွတ်လသည် ခြောက်လမြောက်ကျရောက်လာသော တူရာသီနှင့်စန်းယှဉ်သော လတစ်လလည်းဖြစ်ပေသည်။ စန်းယှဉ်သော နက္ခတ်တာရာမှာ အဿဝတီနက္ခတ် ဖြစ်လေ၏။ ရာသီရုပ်မှာ ချိန်ခွင်ကိုကိုင်ဆွဲထားသော ယောက်ျားရုပ်သဏ္ဍာန် ဖြစ်လေ၏။ မိုးကုန်သောကာလဖြစ်ပြီး ရာသီပန်းကား ကြာမျိုးငါးပါးဖြစ်လေ၏။ ပဒုမ္မာကြာပန်းတို့သည် သောက်သုံးရေကန်တို့ဝယ် ပန်ရလှပေ၏။ သံဃာတော်များ ဝါတွင်းသီလဘာဝနာ ပြီးဆုံးသွားသောလ ဝါကျွတ်လဟူ၍လည်း သီတင်းကျွတ်လကို ဆိုစမှတ်ပြုခဲ့ကြပါသည်။

သီတင်းကျွတ်လကို ရှေးယခင်က 'သန္တုလ' ဝါကျွတ်လ သီတင်းကျွတ်လဟူ၍ အမည်အမျိုးမျိုး ခေါ်ဝေါ်ခဲ့ကြကြောင်းကို လေ့လာတွေ့ရှိရပါသည်။ သီတင်းကျွတ်လသည် ရာသီသဘာဝ သာယာသည်သာမက ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဘာသာအယူအဆအရ အနှစ်သာရရှိသောလတစ်လလည်း ဖြစ်ပေ၏။ ဂေါတမမြတ်စွာဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော အမိနတ်သား၊ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောဖော်ညွှန်ပြသွန်သင်ပြီး လူ့ပြည်သို့ပြန်ကြွလာသောနေ့မှာ သီတင်းကျွတ်လပြည့်နေ့ဖြစ်ပြီး၊ မြင်းမိုရ်တောင်မှ ရွှေစောင်းတန်းက ဒေဝါ၊ငွေစောင်းတန်းက ဗြဟ္မာတို့ဖြင့် ပတ္တမြားအလယ်စောင်းတန်းတွင် ဗုဒ္ဓဘဂဝါအားခြံရံလျက် တုရိယာများဖြင့် တီးမှုတ်ထီးမိုးကာ စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွရောက်တော်မူသောနေ့ပင် ဖြစ်ပေသည်။

ဤသည်ကိုအကြောင်းပြု၍ မြတ်စွာဘုရားကို ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြလေသည်။ ထိုနေ့သည် မြတ်စွာဘုရားရှင်၏ မိခင်ကျေးဇူးဆပ်ခဲ့ပုံနှင့် မိဘကျေးဇူးကြီးမားပုံတို့ကို ဖော်ကျူးထားသောလတစ်လလည်း ဖြစ်ပေသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆီမီးပူဇော်ပွဲ၊ မီးမြင့်မိုရ်တာဝတိံသာပွဲဟူ၍ ရှေးကဆိုရိုးများရှိခဲ့သောလ ဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်နေ့၏ ထူးခြားချက်မှာ တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားဟောကြားပြီးဆုံးသောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရား စန္ဒကူးတော၌ ရှင်သာရိပုတ္တရာအား ဗုဒ္ဓက အဘိဓမ္မာတရား အကျဉ်းဟောကြားပြီးဆုံးသောနေ့ဖြစ်ခြင်း၊ ရှင်သာရိပုတ္တရာသည် တပည့်ရဟန်းတော် ၅၀၀ ခန့်အား အဘိဓမ္မာဒေသနာကို မကျဉ်းမကျယ်ဟောကြားပြီးဆုံးသောနေ့လည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ ထူးမြတ်သောလအကြောင်း ဝိသေသတို့အား ကြည်ညိုလေးမြတ်စွာ ပူဇော်ကြသည့်အားဖြင့် လူသားတို့သည် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ ရောင်စုံမီးများ၊ မီးပန်းများဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းကို သီတင်းကျွတ်လပြည့်နေ့မှာ ပွဲတော်တစ်ရပ်အဖြစ် ကျင်းပသည်ကို လေးစားဂုဏ်ယူဖွယ် ရှုမြင်ကြရပေမည်။

သီတင်းကျွတ်လအား ကင်းဝန်မင်းကြီး၏ သံပေါက်ကဗျာလေးဖြင့် ဖွဲ့ဆိုထားသည်မှာ 'သီတင်းကျွတ်ပြီ၊ တူရာသီ အဿဝဏီရှိန်ဝါရွှန်း၊ ကြာမျိုးပေါင်းစုံ၊ မီးမြင့်မိုရ်၊ ဗဟိုအချာထွန်း' ဟူ၍ သီတင်းကျွတ်လ၏ ရာသီနှင့်ပွဲတော်ကို ဖော်ညွှန်းပြထားပါလေသည်။ ထို့အတူ ရှင်အဂ္ဂသမာဓိကလည်း သီတင်းကျွတ်ကာလ ပွဲတော်များကျင်းပပုံကို 'အများတကာ၊ မတ်ဗိုလ်ပါနှင့်၊ နရာသတော်၊ မင်းမြတ်သော်လည်း၊ ပျော်ပျော်မွေ့မွေ့ နန်းတော်ရှေ့ဝယ်၊ လက်ဝှေ့ပြွမ်းသတ် သီတင်းကျွတ်ဟု၊ ထိမ်းမှတ်ခေါ်လျက်၊ ဆန်းသုံးရက်" ဟူသော ရာသီကဗျာကလည်း ရှင်ဘုရင်တို့ပင် သီတင်းကျွတ်ပွဲကို လက်ဝှေ့ပွဲများ၊ မီးထွန်းပွဲများဖြင့် ကျင်းပပုံကို ဖော်ညွှန်းရေးထားပါသည်။

သီတင်းကျွတ်လသည် ဗုဒ္ဓမြတ်စွာဘုရား၏ မိခင်ကျေးဇူးဆပ်တရားတော်ကို ဟောကြားပြီးပြတ်သည့်နေ့ဖြစ်သောကြောင့် အဘိဓမ္မာအခါတော်နေ့ဟု ခေါ်ဝေါ်ကြကာ၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် လူကြီးမိဘ၊ ဘိုးဘွားတို့အား ရိုသေသောစိတ်မနောဖြင့် မိမိတို့၏ဆရာ၊ မိဘ၊ သက်ကြီးရွယ်အို၊ ဘိုးဘွားတို့အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့လေ့ရှိသော မြန်မာမှုဓလေ့ရိုးရာ ယဉ်ကျေးမှုမှာ အလွန်မှတန်ဖိုးရှိသော အနှစ်သာရရှိသော ဓလေ့စရိုက်ပင်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သီတင်းကျွတ်လတွင် မင်္ဂလာပွဲများ အများအပြား ကျင်းပကြလေသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မိမိတို့၏ ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှုအရ ဝါတွင်းသုံးလအတွင်း လက်ထပ်မင်္ဂလာပြုလုပ်ခြင်းများကို ရှောင်ကြဉ်ကြပြီး၊ မိုးလေကင်းလွတ်သည့် သီတင်းကျွတ်လသို့ ရောက်သောအခါကာလမှ ထိမ်းမြားလက်ထပ်ခြင်းများ ပြုလုပ်ကြလေသည်။ ထို့ကြောင့် သီတင်းကျွတ်လကို လူငယ်လူရွယ်များအတွက် ပျော်ရွှင်ကြည်နူးဖွယ်လတစ်လ၊ မင်္ဂလာရှိသောလတစ်လ ဖြစ်ပေသည်ဟု ခံယူထားကြသည်ကိုလည်း တွေ့ရှိရလေသည်။

သီတင်းကျွတ်ကာလတွင် ရဟန်းသံဃာတော်များသည် မိမိတို့၏အပြစ်များကို တွေ့ရှိပါက ထုတ်ဖော်ပြောကြားရန်၊ တစ်ပါးနှင့်တစ်ပါး ဖိတ်ကြားစုဝေးကာ ပဝါရဏာပြုသည့်ပွဲကိုလည်း ရှေးရှေးသောကာလများမှ ယနေ့ချိန်ထိ သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပွဲများကို မြန်မာနိုင်ငံ နေရာအနှံ့ ဘုန်းတော်ကြီးကျောင်းတိုင်းတွင် ကျင်းပနေသည်မှာ သာသနာတော် အဓွန့်ရှည်တည်တံ့ပွားများရေးပင်ဖြစ်ပေသည်ဟု လေးစားကြည်ညိုဖွယ် တွေ့မြင်ကြရပေသည်။

သာသနာတော် သန့်ရှင်းတည်တံ့ရေးနှင့် သံဃာတော်များအချင်းချင်း စည်းလုံးညီညွတ်စေသည့် ပွဲတော်လည်း ဖြစ်ပေ၏။ ထို့ကြောင့် သီတင်းကျွတ်လ၏ ထူးမြတ်သောပွဲတော်တစ်ခုဟုလည်း ဆိုနိုင်ပါလေသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် သီတင်းကျွတ်လတွင် မြတ်စွာဘုရားအား ဆီမီးဖြင့်ပူဇော်ခြင်း၊ မိဘဆရာသမား လူကြီးသူမတို့အား ရိုသေဂါရဝတရားဖြင့် ပူဇော်ခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိကြသဖြင့် ဗုဒ္ဓဘာသာ အယူအဆအရဆိုလျှင် ကုသိုလ်ထုံမွှမ်းသော၊ မင်္ဂလာရှိသောလဖြစ်သဖြင့် သာဓုအကြိမ်ကြိမ် ခေါ်ဆိုထိုက်သောလလည်း ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးအပေါင်းတို့ကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာပွဲတော်များဖြစ်သည့် ပဝါရဏာပွဲ၊ အဘိဓမ္မာအခါတော်နေ့၊ သီတင်းကျွတ်မီးထွန်းပွဲတော်တို့အား မြတ်နိုးစွာဖြင့် အစဉ်အလာမပျက် ကျင်းပကြစေလိုပါသည်။

# နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

**နတ်တလင်း၊ စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် အထကကျောင်းအုပ်ဆရာကြီး ဦးတင်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးမင်းနိုင်က ပညာရေးဌာနနှင့် မီးသတ်ဦးစီးဌာန ပူးပေါင်းပြီး ကျောင်းသူ၊ ကျောင်းသားများမှတစ်ဆင့် ဗဟုသုတအသိပညာများ ပြန့်ပွားစေရန် ယခုလိုဟောပြောရခြင်းဖြစ်ကြောင်း၊ မီးလောင်မှုမဖြစ်ပေါ်စေရန် မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးများကို တစ်ဆင့်ခြင်း ရှင်းလင်းတင်ပြ၍ မီးကပ်မီးချိတ်အရွယ်အစားနှင့် အသုံးပြုပုံများ၊ အရေးပေါ်မီးလောင်မှု ဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးဖြင့် အလျင်အမြန် ငြိမ်းသတ်နည်းများ၊ မိမိတို့နေအိမ်ရှိ မီးဖိုအနေအထား၊ လျှပ်စစ်သုံးစွဲရာတွင် အမြဲတမ်းသတိထား၍ သုံးစွဲကြရန်၊ မိမိတို့ ယခုဟောပြောပွဲတွင် မှတ်မိသမျှ အိမ်သားများနှင့် ပတ်ဝန်းကျင်ပြည်သူများသိအောင် ပြောကြားပေးကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ကျောင်းသူ၊ ကျောင်းသားများမှ မရှင်းလင်းသည်များကို မေးမြန်းခြင်း၊ မီးသတ်ဦးစီးမှူးက ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ကြပြီး အခမ်းအနားတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ (၀၇၁)





## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၂

ဒေါ်နန်းကောင်ခမ်း နှင့် ၁။ ဦးချင်ဟိုင်မိန်(ခ)ဦးဟန်မင်း၊ ၂။ ဦးအောင်သိန်း
၃။ ဒေါ်နှင်းဝေဝေ

တရားလို တရားပြိုင်များ

(၁)တရားပြိုင် ဦးချင်ဟိုင်မိန်(ခ)ဦးဟန်မင်း အမှတ်(၂၆၁)၊ (၁၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၂)တရားပြိုင် ဦးအောင်သိန်း အမှတ်(၄၀)၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် (၃) တရားပြိုင် ဒေါ်နှင်းဝေဝေ အမှတ်(၈၂)၊ (၆-လွှာ)၊ ဗဟိုလမ်း၊ စမ်း(တောင်ရပ်ကွက်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်၊ သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁ရက်၊ (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်း ရမည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)၊ အနောက်ပိုင်းခရိုင်တရားရုံး



## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၉၆

ဒေါ်ရီရီသိန်း လျှောက်ထားသူ

ကွယ်လွန်သူ ဒေါ်လွင်လွင်သိန်း၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ (၃)လွှာ၊ အမှတ်-၁၆၅၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လွင်လွင်သိန်း၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရီရီသိန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်)၊ နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်လွင်လွင်သိန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်)၊ နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ရီရီသိန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်သည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၁၆၉၃၊ မြေကွက်တည်နေရာအမှတ်(၁၆၉၃)၊ ၁၄၇ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်အုံးရီ[၁၂/ဥကတ(နိုင်)၀၂၉၂၂၇] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အုန်းရီမှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ သံဒင်း၊ မြေတိုင်းအမှတ်(၄၆)၊ မြေကွက်အမှတ်(၄၇၁)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ပါမစ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ပါဖော်ပြပါ ပါမစ်မြေအား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးမြင့်စိုး[၇/သနပ(နိုင်)၀၇၄၅၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကိုကျော်ကျော်ထွန်း[၁/မကန(နိုင်)၀၀၀၅၄၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းမြေအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးချစ်(**LL.B**)
ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊ လမ်းမတော်။
**Ph:01-227500, 09-5107547**

# ပဲခူးမြို့ ကျောက်ဖူးကုန်းရပ်ကွက်၌ အလှူရှင်များက ကျန်းမာရေး ဝန်ဆောင်မှုနှင့် အာဟာရတိုက်ကျွေး

**ပဲခူး၊ စက်တင်ဘာ ၂၃**

ပဲခူးမြို့ ကျောက်ဖူးကုန်းရပ်ကွက်၊ ပန်းခြံကုန်း အခြေခံပညာမူလတန်းကျောင်း၌ မူလတန်းအဆင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကလေးငယ်များအား ကျန်းမာရေးဝန်ဆောင်မှုနှင့် အာဟာရတိုက်ကျွေးမှုကို စေတနာရှင်၊ အလှူရှင်များက စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။



ပဲခူးမြို့၊ ကျောက်ဖူးကုန်းရပ်ကွက်၊ ပန်းခြံကုန်းအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၈၄ ဦးအား ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် တစ်ဦးချင်းကို ခြေသည်း၊ လက်သည်းများညှပ်ပေးခြင်း၊ ကိုယ်လက်ခြေတို့အား ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ပေးခြင်းဖြင့် တစ်ကိုယ်ရည်သန့်ရှင်းရေးပြုလုပ်ပေးခဲ့ပြီးနောက် ကျောင်းသားကလေးငယ်များအား ကြက်ဆီထမင်းအာဟာရကျွေးမွေးလှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာဝင်းနှင့် လက်ထောက်ဆရာမခြောက်ဦးက အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

သဘာဝဘေးအန္တရာယ်သင့် မြို့ပြနှင့် ကျေးလက်တို့တွင် အာဟာရကျွေးမွေးခြင်း၊ ဆေးဝါးပစ္စည်းများထောက်ပံ့ခြင်း၊ လူသုံးကုန်ပစ္စည်းများ ကူညီထောက်ပံ့လှူဒါန်းပြီး ယင်းလှူဒါန်းမှုသည် ပရဟိတဘုန်းတော်ကြီးကျောင်းဖြစ်သော ပဲခူးမြို့ တောင်သူစုကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်းတိုက် ဩဝါဒစရိယ၊ နယ်လှည့်တရားပြ ဓမ္မကထိက ဘဒ္ဒန္တဉာဏိတ္တိဆရာတော်ဘုရားကြီး ကြီးမှူးသော ပရဟိတလူမှုကူညီရေးအဖွဲ့၏ ဆောင်ရွက်မှုဖြစ်ကြောင်း သိရသည်။ **မင်းစစ်သူ(ပဲခူး)**

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မိုးရာသီ အထူးသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**တောင်တွင်းကြီး၊ စက်တင်ဘာ ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ Special Tree Planting Ceremony Rainy Season ၂၀၁၄ ကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အထက (၁) ကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွန်း၊ မြို့နယ်စိမ်းစိုအရာရှိ ဦးကျော်ဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ ကျော်တို့က ပိတောက်၊ ငုဝါ၊ ရေတမာ၊ ပန်းမယ်ဇယ်၊ ကျွန်း၊ တမာ စသည့် သစ်ပင်စုစုပေါင်း ၃၅၀ ပင်တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(၅၈၀)**

# လားရှိုးမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် (၅၀)ပြည့် အထိမ်းအမှတ်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**လားရှိုး၊ စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး လှမျိုးရှိန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး အောင်ကျော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တင်ဖေဝင်းတို့ ဦးစီး၍ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအပါအဝင် တပ်ဖွဲ့ဝင်များစုပေါင်းကာ စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီတွင် လားရှိုးမြို့၊ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်အနီး စုပေါင်းသန့်ရှင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူမြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တန့်ယန်း၊မိုင်းရယ်၊ သိန်းနီ၊ကွမ်းလုံမြို့နယ်များရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများဦးစီး၍ တပ်ဖွဲ့ဝင်များကအခြေခံပညာအထက်တန်းကျောင်း၊အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့်ဆေးရုံများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြသည်။ **ဟန်ဇွေး(ပြန်/ဆက်)**

# တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်

**တမူး၊ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျေးလက်နေတောင်သူလယ်သမားများ လူနေမှုဘဝပိုမိုမြင့်မားတိုးတက်စေရေး၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ ပိုမိုအသုံးပြုလာနိုင်စေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။

ထို့ပြင်၎င်းက တောင်သူများလက်ဝယ်သို့ ရောက်ရှိပြီးဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ မောင်းနှင်ထိန်းသိမ်းနိုင်ရေး၊ ကိုယ်တိုင်ပြုပြင်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့်သင်တန်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် သင်တန်းတွင် ပို့ချချက်များအား ဂရုစိုက်မှတ်သားကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများကို အဆင်ပြေ တွင်ကျယ်စွာ အသုံးပြုသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်စက်မှု လယ်ယာဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးစန်းတင့်က သမဝါယမအသင်းများမှ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပြီး တောင်သူများပိုင်ဆိုင်သည့် စက်ကိရိယာများကို ရေရှည်ခိုင်ခန့်အောင် ထိန်းသိမ်းနိုင်ရန်အတွက် တောင်သူများအနေဖြင့် သင်ကြားမှုများကို စနစ်တကျမှတ်သားကြရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တမူးခရိုင်အတွင်းရှိ တမူး၊ ခမ်းပတ်နှင့် မြို့သစ်မြို့တို့ရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃ ရန်ပြေ)၊ မြေကွက်အမှတ်(၅၀ A)၊ မြေကွက်တည်နေရာအမှတ်(၅၀A)၊ စောရန်ပိုင်လမ်း၊ ၃ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အေးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့် (မိခင်)၊ ဦးသိန်းမောင် (ဖခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးမောင်မောင်(လူပျိုကြီး)ဘဝတို့ ကွယ်လွန်သဖြင့် သားသမီးများနှင့် အစ်ကို၊ အစ်မတော်စပ်သူများဖြစ်သော (၁) ဒေါ်ချို[၁၂/သကတ(နိုင်)၀၈၃၉၅၇]၊ (၂)ဦးစိုးတင့် [၁၂/သကတ(နိုင်)၀၀၁၆၁၂]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၉၁၁/၂၀၁၄)ရသူ ဦးမင်းမင်းဦး [၁၂/အစန(နိုင်)၁၈၆၆၃၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ခ/၁၇၈၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ ဗိုလ်လရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ရင်မြ[၁၂/ဒပန(နိုင်)၀၂၆၇၂၆]၊ ဦးတင်ဝင်း [၁၂/ဒပန(နိုင်)၀၁၁၁၀၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ရင်မြ(မိခင်)နှင့် ဦးကျော်စိန်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးမျိုးတင့်[၁၂/ ဒပန(နိုင်)၀၂၅၉၃၉]၊ ဦးတင်သိန်း [၁၂/ကတန(နိုင်)၀၆၃၀၉၅]၊ ဒေါ်စန်းစန်းငွေ [၁၂/လမန(နိုင်)၀၁၉၁၆၄]တို့နှင့် ကျန်အမည်ပေါက် ဦးတင်ဝင်း [၁၂/ဒပန(နိုင်)၀၁၁၁၀၈]တို့ ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် စွန့်လွှတ်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်မှန်

အထက(၁) ကျိုက်ထို ဒသမတန်း (1C)မှ အဖဦးမောင်စိုး၏ သမီး မဖူးဖူးမောင်စိုး၏ အမည်မှန်မှာ မဖူးဝေဝေထွန်း ဖြစ်ပါသည်။

## သွေးသည် အသက်

## အမှားပြင်ဖြည့်စွက်ခြင်း

၂၂-၃-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၂၂)၊ ၂၆-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏စာမျက်နှာ ကြော်ငြာ (၆)၊ ၂၂-၃-၂၀၁၄ရက် မြို့တော်သတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၂)တို့တွင်ပါသော ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇ဒီ/၁ အေ၊ မြေကွက်တည်နေရာအမှတ်-၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ (J.W Dawood) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့ ၁၆-၉-၂၀၁၃ရက်စွဲပါ စာအမှတ် ၂၀၀/၂-၁၄၃/ရေး ၃(၉၃၆) အကြောင်းကြားစာအရ ဦးဖူး၊ ဇနီး ဒေါ်ခင်မြင့်မြင့်ဖူး၊ ဦးမြင့်ဖူး(သား)တို့ အသီးသီး ကွယ်လွန်သဖြင့် ဦးလှမြင့်ဖူး [၁၂/ရကန(နိုင်)၀၂၅၇၂၁]၊ ဒေါ်မိမိမြင့်ဖူး [၁၂/မရက(နိုင်)၁၂၆၃၂၅]တို့က သားသမီးတော်စပ်ကြောင်း၊ ကျမ်းကျိန် ကတိသစ္စာပြုလွှာစာချုပ်အမှတ် ၁၂၈၉၁/၁၄-၁၁-၂၀၁၃၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးမိန့်အထောက်အထား၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ အမွေစားအမွေခံ ကိတ္တိမ သားသမီးအဖြစ် မွေးစားစာချုပ်အမှတ် ၄/၆-၁-၁၉၇၁၊ ဦးဖူး သေစာရင်းမိတ္တူ၊ ဒေါ်ခင်မြင့်မြင့်ဖူး သေစာရင်းမိတ္တူ၊ ဦးဖူးထံမှ အထူးကိုယ်စားလှယ် လွှဲပြောင်းခန့်အပ်ခြင်းစာချုပ်အမှတ် ၄၄၀/၂၆-၅-၁၉၇၆ တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား ကန့်ကွက်နိုင်ကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ မြေကွက်အမှတ်(၈၁၀)၊ အမည်ပေါက် ဦးမောင်မောင်အေး (HGU-014 108)၏ မြေချပါမစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်တင်စိန် [၇/ပခန(နိုင်)၁၀၁၀၈၀] မှရုံးခွဲမှတ်ပုံတင်စာရင်းဝင်ခွင့်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့် တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အားရုံးခွဲမှတ်ပုံတင် စာရင်းသွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြေယာရုံးခွဲ (၈)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၆)၊ မြေကွက်အမှတ်(၁၁၈၃)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၃)၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးအောင်ကြိုင်)မည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်ကြိုင်ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ရရှိသူ ဒေါ်ငြိမ်းငြိမ်းအေး [၁၂/အစန(နိုင်)၀၆၉၃၆၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ မြေကွက်အမှတ်(၉၁၇+၉၁၈)၊ မြေကွက်တည်နေရာအမှတ်(၉၁၇+၉၁၈)၊ မြရိပ်ညို(၄)လမ်း၊ လှိုင်သာယာမြို့နယ်ရှိ ဦးအေးထွန်း [၁၂/မဂတ(နိုင်)၀၂၄၀၂၈]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအေးထွန်း ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်းပျောက်ဆုံးသွားပါသဖြင့် ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်တို့ တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊မြေကွက်အမှတ်(၃၇၃)၊မြေကွက်တည်နေရာအမှတ်(၃၇၃)၊၁၂၅-ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်၊ဦးထွန်းလှိုင်အမည်ပေါက် ပါမစ်မြေအားအမည်ပေါက်ဦးထွန်းလှိုင်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးအောင်ကျော်မြင့်(၉/ညဥန(နိုင်)၀၃၇၇၅၀) မှပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်(၆၈၇)၊ မြေကွက်တည်နေရာအမှတ်(၆၈၇)၊ မေတ္တာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သောင်းကြည် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းကြည်နှင့် (ခင်ပွန်း) ဦးနီတို့ ကွယ်လွန်သဖြင့် ဦးကျော်ဇေယျ[၁၂/အလန(နိုင်)၀၀၀၅၇၂]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အင်္ဂလိပ်ဘာသာစကား အဓိကထားရန်လိုအပ်

**ရန်ကုန်၊ စက်တင်ဘာ ၂၃**

စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း၊ ပြည်မြို့ရှိ မင်္ဂလာဥယျာဉ်ဟိုတယ်ခန်းမတွင်ပြုလုပ်သော ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေက တက်ရောက်အမှာစကားပြောကြားကြောင်း သိရသည်။

ယင်းသင်တန်းဆင်းပွဲတွင် ဒုဝန်ကြီးက ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဧည့်လမ်းညွှန်များနှင့်ပူးပေါင်း၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကား အဓိကထားရန်လိုအပ်ကြောင်း၊ မိမိဒေသအတွင်း ပြည်ပခရီးသွားများ သွားရောက်လည်ပတ်နိုင်သည့် နေရာရှုခင်းများ လေ့လာထားပြီး လိုက်လံပြသနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တက်ရောက်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသ ၃၃ ခုနှင့် ပက်သက်၍ သင်တန်းသားများအား သိရှိရန် ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ် တွင်ပြည်ပခရီးသွား ၀ ဒသမ ၈ သန်းသာရှိရာမှ ၂၀၁၄ ခုနှစ်တွင် ပြည်ပခရီးသွား သုံးသန်းအထိမျှော်မှန်းထားရာ ယခုကာလအထိ ၁ ဒသမ ၈ သန်း ဝန်းကျင်ဝင်ရောက်လာပြီးဖြစ်၍ ပွင့်လင်းရာသီတွင် ရည်မှန်းချက်ပြည့်မီလာနိုင်ကြောင်း၊ တိုးတက်များပြားလာသော ပြည်ပခရီးသွားများအတွက် ဧည့်လမ်းညွှန်များလိုအပ်နေရာ ဝန်ကြီးဌာန ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် ၄၅ အထိဖွင့်လှစ်ခဲ့၍ သင်တန်းသား ၈၂၀၃ ဦး သင်တန်းဆင်းအောင်မြင်ပြီးကြောင်း ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောကြားသည်။

ထို့ပြင် ခရီးသွားလာရေးဆိုင်ရာ စီမံခန့်ခွဲမှု(အခြေခံ)သင်တန်း ၁၁ ကြိမ်တွင် သင်တန်းသား ၁၀၃၃ ဦးမွေးထုတ်ခဲ့ရာ စုစုပေါင်း ၉၂၃၆ ဦးရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်ပျက်ပြယ်သွားသူများ ဖယ်ထုတ်ပါက ၃၆၁၀ ဦးသာရှိပြီး လိုင်စင်ပျက်ပြယ်သူများအတွက် လိုင်စင်များ ပြန်လည်ထုတ်ပေးနိုင်ရန် ဧည့်လမ်းညွှန်အထူးသီးသန့်မွမ်းမံသင်တန်းများကို ၂၀၀၆ ခုနှစ်မှ ယနေ့အထိ သင်တန်းအမှတ် ၆ အထိ ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်း တက်ရောက်သူပေါင်း ၄၅၀ ဦးရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းရှိမြို့ကြီးများဖြစ်သော မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ စစ်တွေ၊ လွိုင်ကော်၊ မော်လမြိုင်၊ လားရှိုးဒေသများတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းများ အမှတ်စဉ် ၈ အထိ ဖွင့်လှစ်ခဲ့ရာ တက်ရောက်သင်ကြားခဲ့သူ ၉၀၅ ဦးရှိပြီး ယခုအမှတ်စဉ် ၉ ပြည်ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းတွင် သင်တန်းသား ၈၅ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းအောင်မြင်ပြီးသူများအနေဖြင့် ဒေသတွင်းဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက သိရသည်။

စက်တင်ဘာ ၂၀ ရက်ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ဟိုတယ်လုပ်ငန်းရှင် ၁၀ ဦးနှင့် ဒုဝန်ကြီးတွေ့ဆုံပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **မောင်စေအောင်**

# တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ကနီမြို့နယ်တွင် ရေစုပ်စက်များပေးအပ်

**ကနီ၊ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့တွင် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ကျေးရွာများသို့ ရေစုပ်စက်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



